# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 30 May 2022 ၁၀၇၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၉

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**


**စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၇၂၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** စာမျက်နှာ » ၂

**ရွှေညာသူ ရွှေညာသားတို့အတွက် သဘာဝလက်ဆောင်** ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံရေးယဉ်ကျေးမှုနှင့် ဒီမိုကရေစီ** ဆောင်းပါး စာမျက်နှာ » ၁၀


## တိရစ္ဆာန်အစာများတွင် တားမြစ်ပဋိဇီဝဆေးများ ထည့်သွင်းမှုကို စနစ်တကျထိရောက်စွာ စောင့်ကြည့်စစ်ဆေးမှုအား စီမံချက်နှင့်အညီ ဆက်လက်ဆောင်ရွက်

ရန်ကုန် မေ ၂၉

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသနဌာနစိတ်တွင် တိရစ္ဆာန်အစာနှင့်ဆေးဝါးများ တင်သွင်း၊ တင်ပို့၊ ရောင်းဝယ်သုံးစွဲရာ၌ အရည်အသွေးစစ်ဆေးမှုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးလျက်ရှိရာ တိရစ္ဆာန်အစာများတွင် တားမြစ်ပဋိဇီဝဆေးများထည့်သွင်းမှုကို စနစ်တကျထိရောက်စွာစောင့်ကြည့်စစ်ဆေးမှုအား စီမံချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်တွင် အစာသည်အရေးပါပြီး တားမြစ်ပဋိဇီဝဆေးဝါးများ၊ မှိုအဆိပ်များ၊ တိရစ္ဆာန်များ သောက်သုံးသောရေအတွင်း ရွှေ့တူးဖော်မှုနှင့် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာသုံးစွဲရာမှ ထွက်ပေါ်လာသောရေနှင့် အစာတို့ကို စားသောက်သောမွေးမြူရေးတိရစ္ဆာန်များကို ပြန်လည်စားသုံးရာ၌ လူ့ခန္ဓာကိုယ်အတွင်းသို့ ပိုးသတ်ဆေးဓာတ်ကြွင်းများ ဝင်ရောက်စုမိရာမှ ရောဂါရရှိတတ်သောကြောင့် တိရစ္ဆာန်အစာနှင့် သုတေသနဌာနစိတ်က ဓာတ်ကြွင်းပစ္စည်းများကင်းစင်သော ဥ၊ နို့၊ အသားတို့ကို စားသုံးနိုင်ခြင်းဖြင့် ပြည်သူ့ကျန်းမာရေးကို အထောက်အကူဖြစ်စေရန် ဓာတ်ခွဲစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

“တိရစ္ဆာန်အစာနဲ့ အသား၊ ဥ၊ နို့မှာ တားမြစ်ပဋိဇီဝဆေးဝါးသုံးစွဲမှု ရှိ၊ မရှိကို စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

# အများပြည်သူသွားလာမှုလွယ်ကူ ရေနံစွမ်းအင်အစားထိုးဖြေရှင်း

မျက်မှောက်ကာလတွင် ကြုံတွေ့နေသောစိန်ခေါ်မှုတစ်ခုမှာ စွမ်းအင်ပြဿနာဖြစ်သည်။ ယနေ့ကမ္ဘာတွင် ရုရှား-ယူကရိန်း ပဋိပက္ခနောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုကြောင့် စွမ်းအင်လောင်စာဈေးနှုန်းကြီးမြင့်မှုနှင့် နိုင်ငံခြားငွေကြေးမတည်ငြိမ်မှုများရှိလာသည်။ အဆိုပါပြဿနာသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး ရင်ဆိုင်နေရသည့် ပြဿနာတစ်ခုဖြစ်သည်။

လူတို့နေ့စဉ်အသုံးပြုနေသည့် ကမ္ဘာမြေသဘာဝသယံဇာတမှ ထုတ်ယူအသုံးချသည့် ရေနံစွမ်းအင်သည် အနာဂတ်ကာလတွင် လျော့နည်းလာမှုနှင့်အတူ လူတို့အသုံးပြုမှု တစ်နေ့တခြားမြင့်မားလာမှုကြောင့် စွမ်းအင်ပြဿနာများ ဆက်လက်မြင့်မားနေမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ရေနံစွမ်းအင်နှင့် ပတ်သက်၍ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး ယာဉ်အမျိုးမျိုးနှင့် စက်ပိုင်းဆိုင်ရာအမျိုးမျိုးတို့တွင် တစ်နေ့တခြား အသုံးပြုမှုမြင့်မားနေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ စက်သုံးဆီဈေးနှုန်းမြင့်မားမှု အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ ရှေ့အဖို့တွင်လည်း ဆက်လက်ကြုံတွေ့နိုင်၍ ပြည်သူများ၏ လူမှုစီးပွားဘဝများအဆင်ပြေစေရန် နည်းလမ်းရှာကြံကြရမည်ဖြစ်သည်။

ပြည်သူများ လူမှုစီးပွားအဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်မှုစနစ် Public Transportation များ ကောင်းမွန်စေရန် အစဉ်အမြဲကြိုးပမ်းကြံစည်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အများပြည်သူသွားလာမှုစနစ်တွင် ကုန်ကျစရိတ်သက်သာပြီး သွားလာရလွယ်ကူသည့် နည်းလမ်းတစ်မျိုးမှာ ရထားပို့ဆောင်ရေးစနစ်ဖြစ်သည်။ နိုင်ငံအများတွင် အများပြည်သူသွားလာရေး လွယ်ကူစေရန်အတွက် အများပြည်သူသုံးယာဉ်၊ ရထားများကို အဆင့်မြှင့်တင် ဦးစားပေးဆောင်ရွက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၂၇ ရက်နေ့က မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် "ယခုအခါ ခေတ်ကာလအရ နိုင်ငံတကာတွင် မီးရထားများကို လျှပ်စစ်ဓာတ်အားအသုံးပြု၍ ပြေးဆွဲနေကြသဖြင့် မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး လိုအပ်သည့် လျှပ်စစ်ဓာတ်အားသုံးစက်ခေါင်းများ ထုတ်လုပ်နိုင်ရေး၊ နိုင်ငံတကာမှ နည်းပညာများကို လေ့လာ၍ ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့်ပစ္စည်းများနှင့် ပြည်ပမှ ဝယ်ယူရမည့်ပစ္စည်းများကိုပေါင်းစပ်၍ ပထမခြေလှမ်းအနေဖြင့် ဒီဇယ်လျှပ်စစ်သုံး (DEMU) စက်ခေါင်းများ တည်ဆောက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒီဇယ်လျှပ်စစ်ရထားစက်ခေါင်းများမှတစ်ဆင့် လျှပ်စစ်ရထား (EMU)အထိ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်လိုကြောင်း" မှာကြားခဲ့သည်။

ယခုအခါတွင် အများပြည်သူအသုံးပြုသည့် စက်သုံးဆီဈေးနှုန်း တစ်နေ့တခြား မြင့်လာမှုကြောင့် လောင်စာဆီအစားထိုး အခြားနည်းလမ်းများ အသုံးပြုမှုကို အနာဂတ်အတွက် အစီအစဉ်တစ်ခုအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အများပြည်သူသွားလာမှုစနစ်၌ သင့်တင့်လျောက်ပတ်စွာ အသုံးပြုနိုင်မည့် လျှပ်စစ်ကား၊ လျှပ်စစ်ရထား ပြောင်းလဲအသုံးပြုကြရမည်ဖြစ်သည်။ လျှပ်စစ်ရထားနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က ရန်ကုန်မြို့ ဝါးတန်းဘူတာတွင် စမ်းသပ်ပြေးဆွဲခဲ့ဖူးသည်။ ဝါးတန်း-လင်းစဒေါင်း လမ်းပိုင်းအရှည် ၃ ဒသမ ၅၉ မိုင်ကို ဂျပန်-မြန်မာစာချုပ်ဖြင့် ဆောင်ရွက်ခဲ့ဖူးသည်။ ယခုအခါ ရန်ကုန်မြို့ပတ်ရထားလမ်းတွင် ဒီဇယ်လျှပ်စစ်သုံးရထားများ အသုံးပြု၍ မြို့ပတ်ရထားများပြေးဆွဲနေသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ရထားပြေးဆွဲမှုကို ကိုလိုနီခေတ် ၁၉၀၄ ခုနှစ် ဒီဇင်ဘာလက စတင်အသုံးပြုခဲ့ပြီး ထိုစဉ်ကအသုံးပြုခဲ့သည့် ရထားလမ်းပိုင်းအချို့အစိတ်အပိုင်းများကို မြင်တွေ့နိုင်သေးသည်။ ရန်ကုန်မြို့၌ Tram-Trolley Car ၇၇ စင်းဖြင့် ဆူးလေ-ရွှေတိဂုံဘုရား-ဗားဂရာလမ်းပိုင်း ပြေးဆွဲခဲ့သော သမိုင်းမှတ်တမ်းရှိခဲ့သည်။ ၁၉၀၄ ခုနှစ်မှ ၁၉၂၁ ခုနှစ်အထိ ၁၇ နှစ်ကြာ ပြေးဆွဲခဲ့သည်။ လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းတစ်လျှောက်၌ DC ကောင်းကင်ဓာတ်အားလိုင်းနှင့် ရထားမောင်းနှင်နိုင်ရန် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် ဓာတ်အားခွဲရုံများလိုအပ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လျှပ်စစ်ရထားများကို ကနဦး ဒီဇယ်လျှပ်စစ်သုံး(DEMU) ရထားစက်ခေါင်းများမှတစ်ဆင့် လျှပ်စစ်ရထား (EMU)အထိ ပြေးဆွဲနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူသွားလာရေး အဆင်ပြေလွယ်ကူချောမွေ့ပြီး အနာဂတ်တွင် ကြုံတွေ့ရမည့် စွမ်းအင်လောင်စာပြဿနာကို တစ်နည်းတစ်လမ်း ဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။




**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ သရက်တောကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာလယ်တီကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကြခတ်ဝိုင်းကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ဟံသာဝတီတိုက်သစ်ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်ရှိ ဥတ္တရာရုံကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၇၂၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီ စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၌ စားအုန်းဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာပြီး တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ်အခြေခံ၍ တွက်ချက်မှုအရ မေ ၃၀ ရက်မှ ဇွန် ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၇၂၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ၇ ဒသမ ၂၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**ဦးစားပေးတင်သွင်းခွင့်ပြု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး - ဦးဝင်းနိုင် | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❍ ရှေ့ဖုံးမှ

နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဆွစ်ဇာလန်နိုင်ငံ၏ ဖက်ဒရယ်စနစ်အပေါ် လေ့လာတွေ့ရှိချက်များအား ညှိနှိုင်းရေးကော်မတီမှ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြင်ဆင်လိုသည့် အချက် ၉ ချက်အား အဆိုပြုဆွေးနွေးပြီး တက်ရောက်လာသူများက အလွတ်သဘော ဆွေးနွေးညှိနှိုင်းကြသည်။ အထွေထွေဆွေးနွေးခြင်းအနေဖြင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁/၂/၃)ပါ သဘောတူညီချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲ ဆွေးနွေးချက်များအရ နှစ်ဖက်သဘောထားများကို သဘောထား စုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြပြီး နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် မေ ၂၉**

တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့ကို ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်သို့ရောက်ရှိကြသည်။

"ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်ဖွဲ့သည် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံ



ဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ စသည့် စာသားပါဆိုင်းဘုတ်များကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/ KNLA (PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ရောက်ရှိနေသည့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/ KNLA(PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Resort မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/ KNLA (PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး သတ္တမအကြိမ်မြောက် ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံကော်ဖီအသင်းက ဦးဆောင်ကျင်းပသည့် သတ္တမအကြိမ်မြောက် ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တော်ခန်းမ၌ ကျင်းပသည်။

**အားပေးဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကမ္ဘာ့ကော်ဖီဈေးကွက်၌ အမည်ကောင်းရရှိထားသည့် မြန်မာ့ကော်ဖီကို အရေးပါသည့် တန်ဖိုးမြင့်သီးနှံတစ်ခုအဖြစ် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် မြန်မာနိုင်ငံကော်ဖီအသင်း၊ ကော်ဖီလုပ်ငန်းရှင်များ၊ ကုန်ချောပြုပြင်ထုတ်လုပ်သူများ၊ ကော်ဖီဖြန့်ဖြူးရောင်းချသူများ ပါဝင်သောအဖွဲ့ဖြင့် ကော်ဖီသီးနှံထုတ်လုပ်မှုနှင့် ဈေးကွက်ရရှိမှု တိုးတက်ရေးကြိုးပမ်းရာတွင် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှုစသည့် လုပ်ငန်းဆောင်ရွက်မှုများ အားကောင်းလာစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ကော်ဖီတောင်သူများ ကော်ဖီလုပ်ငန်းရှင်များအနေဖြင့်လည်း သဘာဝ ပတ်ဝန်းကျင်ကို အကျိုးပြုသော ထောက်ခံချက် အပြည့်အဝရရှိပြီး အရည်အသွေးမြင့် မြန်မာ့ကော်ဖီ အဖြစ် ကမ္ဘာ့နိုင်ငံများတွင် ထုတ်ဖော်ပြသနိုင်ရေးနှင့် ဈေးကွက်က လိုလားတောင့်တသည့် ကော်ဖီမျိုးဖြစ်အောင် အလေးထားစိုက်ပျိုးထုတ်လုပ်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးက ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မြန်မာနိုင်ငံ ကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က အခြောက်စနစ်ဖြင့် ကော်ဖီထုတ်လုပ်မှုထူးချွန်ဆုရရှိသူများ၊ အစိုစနစ်ဖြင့် ကော်ဖီထုတ်လုပ်မှု ထူးချွန်ဆုရရှိသူများ၊ အခြားနည်းဖြင့်ကော်ဖီထုတ်လုပ်မှုထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြပြီး ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ကော်ဖီ ၄၉ မျိုး ယှဉ်ပြိုင်**

ယခုပြိုင်ပွဲတွင် လုပ်ငန်းရှင် ၂၆ ဦးတို့က စုစုပေါင်း ကော်ဖီ ၄၉ မျိုးကို တင်ပြယှဉ်ပြိုင်ကြပြီး လိုင်စင်ရပြည်ပ ပညာရှင် နှစ်ဦး၊ လိုင်စင်ရပြည်တွင်း ပညာရှင် သုံးဦးတို့က ပြိုင်ပွဲဝင်များ တင်ပြလာသည့် ကော်ဖီများ၏ အရည်အသွေး၊ အနံ့အရသာကို နိုင်ငံတကာစံနှုန်းများနှင့်အညီ မြည်းစမ်းစိစစ် ရွေးချယ်ကြခြင်းဖြစ်ကြောင်း၊ အထူးတန်းဝင်ကော်ဖီများအတွက် ထုတ်လုပ်မှုအမျိုးအစားအလိုက် အဆင့်အမြင့်ဆုံးကော်ဖီဆုများကို ပင်လောင်း၊ ရွာငံ၊ ဟိုပုန်း၊ ပြင်ဦးလွင်နှင့် နောင်ချိုဒေသများမှ ကော်ဖီလုပ်ငန်းရှင်များက ရရှိခဲ့ကြကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြင်ဦးလွင် ကော်ဖီဥယျာဉ်သို့ သွားရောက်ကြပြီး ကော်ဖီသတင်းအချက်အလက် ဝန်ဆောင်မှုဌာနတွင် ခင်းကျင်းပြသထားသည့် မြန်မာ့ကော်ဖီသမိုင်းနှင့် မြန်မာနိုင်ငံတွင် ဒေသအလိုက် စိုက်ပျိုးနိုင်သော ကော်ဖီမျိုးများဆိုင်ရာ မှတ်တမ်းအချက်အလက်များကို လည်းကောင်း၊ ကော်ဖီဆိုင်ရာ အသိပညာပေးစင်တာရှိ ကော်ဖီအကြောင်းသိကောင်းစရာ ခင်းကျင်းပြသထားရှိမှုများ၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကော်ဖီအသင်းဝင် ကော်ဖီလုပ်ငန်းရှင်များ ခင်းကျင်းရောင်းချလျက်ရှိသည့် ကော်ဖီဆိုင်ငယ်များ၊ အရိပ်ရပင်များ သဘာဝစမ်းချောင်းများဖြင့် စိုက်ပျိုးထားသော မျိုးကွဲအုပ်စုအလိုက် ကော်ဖီစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင် ဒီဇင်ဘာ နို့စားနွားမွေးမြူရေးခြံနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးပစ္စည်းများ၊ Mobile Laboratory Vehicles နှစ်စီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm Doses ၁၀ သန်းနှင့် ဆေးထိုးအပ် ၁၃ သန်းတို့အနက် နောက်ဆုံးအသုတ်သည် ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ တွင် Sichun Airline ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး တရုတ်နိုင်ငံသံရုံးမှလှူဒါန်းသည့် ရွေ့လျားဓာတ်ခွဲခန်းပါ မော်တော်ယာဉ် နှစ်စီးသည် မူဆယ်နယ်စပ်ဂိတ်မှ ဖြတ်ကျော်၍ ရန်ကုန်မြို့သို့ ရောက်ရှိသည်။




**တက်ရောက်**

ယင်းကာကွယ်ဆေးနှင့် ဆေးပစ္စည်းများ၊ ရွေ့လျားဓာတ်ခွဲခန်းပါ မော်တော်ယာဉ်များ လွှဲပြောင်း လက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အရေးကြီးပုဂ္ဂိုလ်များ ဧည့်ခန်းမဆောင်တွင် ပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က ယခုလှူဒါန်းသည့် ကာကွယ်ဆေးနှင့် ဆေးပစ္စည်းများ၊ Mobile Laboratory Vehicles များသည် ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းစိတ်ဓာတ်ကို ပြသခြင်းဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး၏ "China–ASEAN Health Shield" ပူးပေါင်းဆောင်ရွက်ရေးအဆိုပြုချက်ကို ထပ်ဆင့်အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကူးစက်ရောဂါထိန်းချုပ်ရေးဗဟိုဌာန(CDC) စီမံကိန်းသည် မြန်မာနိုင်ငံ၏ပြည်သူ့ကျန်းမာရေးစနစ်တည်ဆောက်ရေးနှင့် အရေးပေါ် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ တုံ့ပြန်နိုင်စွမ်းအားကောင်းလာစေရန် အကူအညီပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ထိုးနှံပေးသွားမည်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး စုစုပေါင်း Doses သန်း ၂၀ ခန့် လှူဒါန်းပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ကာကွယ်ဆေးထိုးအပ်များ အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ၊ တရုတ်-မြန်မာ နယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များတွင် အသုံးပြုရန် ရွေ့လျားအမိုးအကာပါဓာတ်ခွဲခန်း၊ လူနာတင်ယာဉ်၊ Mobile Laboratory Vehicles နှစ်စီးကို လှူဒါန်းခဲ့ပါကြောင်း၊ ယခုလှူဒါန်းသည့် ကာကွယ်ဆေးများကို မကြာမီ ပြန်လည်ဖွင့်လှစ်မည့် အခြေခံပညာကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသားကျောင်းသူများအား ထိုးနှံပေးသွားမည်ဖြစ်ပြီး ကျောင်းပြင်ပရောက်ရှိနေသည့် ကလေးများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် ကူးစက်ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်ရေးအတွက် ဓာတ်ခွဲခန်းများဖွင့်လှစ်လျက်ရှိရာ ယခုလှူဒါန်းသည့် Mobile Laboratory Vehicles နှစ်စီးကို COVID–19 RT– PCR စက်မရှိသည့် နယ်စပ်ဂိတ်များတွင် အဓိကထားအသုံးပြုသွားမည်ဖြစ်သဖြင့် နယ်စပ်ဝင်ပေါက်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကို ထိရောက်စွာပြုလုပ်နိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများ မြန်ဆန်ချောမွေ့ကာ နယ်စပ်ကုန်သွယ်ရေးကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအသုံးဝင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အရေးပါသော မြန်မာနိုင်ငံ ကူးစက်ရောဂါထိန်းချုပ်မှုဗဟိုဌာန Myanmar Center of Disease Control(CDC) အား နေပြည်တော်တွင် တည်ဆောက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အကူအညီသည် မိမိတို့နိုင်ငံအတွက် လွန်စွာအထောက်အကူပြုပြီး တည်ဆောက်ပြီးစီးပါက ဒေသတွင်းသာမကဘဲ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုစင်တာတစ်ခုအဖြစ် လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရောဂါဖြစ်ပွားမှုနှုန်းသည် တစ်ရာခိုင်နှုန်းအောက် ရောက်ရှိပြီဖြစ်ပါကြောင်း၊ ရှေ့ဆက်၍ နှစ်နိုင်ငံခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် ချစ်ကြည်ရင်းနှီးစွာ ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကာကွယ်ဆေးများလွှဲပြောင်းလက်ခံသည့်မှတ်တမ်းကို အပြန်အလှန် လက်မှတ်ရေးထိုး၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ခဲ့ပြီး လှူဒါန်းထားသည့် ကာကွယ်ဆေးများနှင့် Mobile Laboratory Vehicles များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်ဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြရာ နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ကိုဗစ်-၁၉ ရောဂါနှင့် ကူးစက်ရောဂါများ ထိန်းချုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ထပ်မံ၍ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ တရုတ်-မြန်မာနယ်စပ် ငှက်ဖျားရောဂါကင်းစင်ရေး စီမံကိန်းနှင့် တိရစ္ဆာန်ရောဂါဓာတ်ခွဲခန်း စီမံကိန်း ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရည်အသွေးပြည့်ဝသော လူတော်လူကောင်း ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေး ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်





နေပြည်တော် မေ ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဦးအောင်မြင့်၊ ရှမ်းပြည်နယ် ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ရွှေညောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကလောမြို့နယ် ဟဲဟိုး အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ကလောမြို့နယ် အောင်ပန်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ထားမှုအခြေအနေ၊ တည်ဆောက်ပြီးစီးသည့်ကျောင်းဆောင်၊ ခန်းမဆောင်အခြေအနေ၊ ကျောင်းတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေးကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက ဇွန် ၂ ရက်တွင် ကျောင်းများဖွင့်လှစ်သည့်အခါ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များပြည့်စုံအောင်ဖြည့်ဆည်းဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ၏ပညာရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် အထူးအားပေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိပြည်နယ်၊ မိမိဒေသတွင်ရှိသည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများကို ပညာတတ်လူတော်လူကောင်းများဖြစ်အောင် မိမိတို့ကိုယ်တိုင် စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် အားစိုက်ပြီးပြုစုပျိုးထောင်သင်ကြားပေးကြစေလိုကြောင်း၊ ပညာတတ်များပေါ်များမှသာ နိုင်ငံအဆင့်တိုးတက် မြင့်မားလာမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏အရည်အသွေး တိုးတက်ရေးအတွက် အမြဲလေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း။

လုပ်ငန်းခွင် ဆရာ ဆရာမများအနေဖြင့် ယခင်က B.Ed ပညာရေးဘွဲ့သင်တန်းများကို တစ်နှစ်လျှင် ၃၀၀၀ ဝန်းကျင်ခန့်သာ တက်ရောက်ခွင့်ရပါကြောင်း၊ ယခုအခါ တစ်နှစ်လျှင် လုပ်ငန်းခွင်မှ ဆရာ ဆရာမဦးရေ ၂၀၀၀၀ ကျော်အထိ B.Ed ပညာရေးဘွဲ့ သင်တန်းများ တက်ရောက်သင်ကြားခွင့်ရအောင် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ မကြာမီ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းထွက်တော့မည်ဖြစ်၍ အောင်မြင်သူရှိသလို စာမေးပွဲကျသူများလည်းရှိမည်ဖြစ်ပါကြောင်း၊ စာမေးပွဲကျသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မဖြေဖြစ်သူများ ယခုနှစ်တွင် ပြန်လည်ဖြေဆိုနိုင်ကြောင်း၊ စနစ်သစ်ပညာရေးကို ကူးပြောင်းနေချိန်ဖြစ်၍ ယခုပညာသင်နှစ်သည် စနစ်ဟောင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကျင်းပသည့် နောက်ဆုံးနှစ်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ကျောင်း၏ ကျောင်းဥပဓိရုပ်များ ပြည့်စုံကောင်းမွန်မှုနှင့်အတူ အရည်အသွေးပြည့်ဝသော လူတော်လူကောင်း ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

သတင်းစဉ်



## ရေဝတီတိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ပုသိမ် မေ ၂၉

ဧရာဝတီ တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က “ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့” ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက “မြန်မာ့ကျောင်း” သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားအားဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးပညာရေးမှူးက ကျောင်းအပ်လက်ခံမှုအခြေအနေများနှင့် စာသင်ဆောင်များဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ အခမဲ့ထောက်ပံ့ပေးအပ်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာပစ္စည်းများအား လှူဒါန်းပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံမှု အခြေအနေများနှင့် စာသင်ဆောင်များ ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံမှု အခြေအနေများနှင့် စာသင်ဆောင်များ ပြင်ဆင်ထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## လားရှိုးတက္ကသိုလ်နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမအသစ်များအား ကြိုဆို



လားရှိုး မေ ၂၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန လားရှိုးတက္ကသိုလ် နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမအသစ်များအား ကြိုဆိုပွဲကို ယမန်နေ့ညနေ ၃ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးတက္ကသိုလ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်အကြီးအကဲ လမ်းညွှန်သည့်အတိုင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် အလယ်အလတ်ရာထူးများ လစ်လပ်လျက်ရှိသောကြောင့် ကထိက၊ လက်ထောက်ကထိကများ လစ်လပ်လျက်ရှိပြီး အကြီးပိုင်းများကို ရာထူးအလိုက် ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယခုလစ်လပ်သည့်နေရာများကို မောင်မယ်သစ်လွင် ၄၁ ယောက်ကို အင်အားဖြည့်ပေးသည့်အတွက် မိမိအနေဖြင့် ဝမ်းသာကြောင်း၊ နောက်ထပ် မဟာတန်း မပြီးသေးတဲ့သူရှိပါက ထပ်ခန့်ပေးမည်ဖြစ်ကြောင်း၊ သစ်လွင်မောင်မယ်များသည် ကျရာတာဝန်များကို ထမ်းဆောင်ပေးရန်လိုကြောင်း၊ တက္ကသိုလ်ဆရာ ဆရာမများသည် တိုင်းပြည်တစ်ပြည်၏ အဓိကအကျဆုံး အင်အားဖြစ်ကြောင်း၊ မိမိတို့မှ မွေးထုတ်ပေးလိုက်သော ကျောင်းသား ကျောင်းသူများသည် အနာဂတ်မျိုးဆက်သစ်အတွက်ဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်အတွက် ဦးဆောင်လမ်းညွှန်ပြသမှုမှာ ဆရာ ဆရာမများဖြစ်ကြောင်း၊ မိမိတို့သည် ကျန်သည့်ဌာနများနှင့်မတူဘဲ စေတနာ၊ ဝေဒနာ၊ အနစ်နာ၊ ဝါသနာ၊ နာလေးနာဖြင့် ရင်းနှီးပြီးတည်ဆောက်ရပါကြောင်း၊ အလုပ်ရှားပါးသည့်အချိန်တွင် တက္ကသိုလ် ဆရာ ဆရာမများ ဆောင်ရွက်ရသည့်အတွက် ဂုဏ်ယူပါ၊ မိမိအလုပ်ကိုလေးစားပါ၊ မြတ်နိုးပါ၊ မိမိတက္ကသိုလ်ကို ချစ်မြတ်နိုးပြီး အားလုံးဝိုင်းဝန်းပူးပေါင်းပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လားရှိုးတက္ကသိုလ် ဘက်စုံဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်ရန် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာငွေးအောင်က လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် လားရှိုးတက္ကသိုလ် အဆင့်မြှင့် ဘောလုံးအားကစားကွင်းအား ပြုပြင်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ကော့သောင်း မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အထက(၁) ကော့သောင်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိုးက ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် မြို့နယ်အတွင်းကျောင်းအပ်နှံမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများ၊ နှာခေါင်းစည်းနှင့် မျက်နှာအကာများကို ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# ရွှေညာသူ ရွှေညာသားတို့အတွက် သဘာဝလက်ဆောင်

“ခင်ဗျားတို့ အစိုးရတာဝန်ယူပြီးတဲ့နောက် လုပ်တဲ့အလုပ်တွေထဲမှာ ဒီအလုပ်ကိုတော့ ကျုပ်တို့အကြိုက်ဆုံးပဲဗျာ။ တစ်ရွာလုံးက လွတ်ပြီးကျေးဇူးတင်နေကြတယ်။”

လွန်ခဲ့တဲ့ ခြောက်လကျော်က မြိုင်မြို့နယ် သဲတောကျေးရွာသို့ရောက်စဉ် ဦးချစ်တိုး၏ ပြောစကားကို ကျွန်တော်ပြန်ပြီးကြားယောင်နေမိသည်။ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံဖြည့်ဆည်းပေးရင်း မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သဲတောကျေးရွာ မြေအောက်တမံသို့ ရောက်ရှိစဉ် ဦးချစ်တိုးက ပြောလိုက်ခြင်းဖြစ်သည်။

**မောင်အောင်**



အောင်နန်း မြေအောက်တမံတည်ဆောက်ခြင်း ဆောင်ရွက်နေစဉ်။

ဦးချစ်တိုးက အသက် ၆၀ ကျော် ၇၀ နီးပါး ခန့်ရှိပြီ။ ပခုက္ကူ-မြိုင်မြို့နယ်၏ ရာသီဥတုအပူက ကျွန်တော်တို့အားလုံး ချွေးဒီးဒီးကျနေသည်။ ရွာသားများကို ကြိုတင်စုထားခြင်း မဟုတ်ပါ။ ကျွန်တော်တို့ သဲတောမြေအောက်တမံအနီး ကားရောက်မှ သူတို့ရွာထဲက ထွက်လာခြင်းဖြစ်သည်။ တမံတည်ဆောက်ထားမှုနှင့် အကျိုးကျေးဇူးကို သိလို၍ ကျွန်တော်လာရောက် စစ်ဆေးကြည့်ရှုခြင်းဖြစ်သည်။ ကျွန်တော့်ကို ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများ တမာပင်ရိပ်အောက်တွင် ရှင်းပြနေစဉ် ပင်ရွာသား လေး၊ ငါး၊ ဆယ်ယောက်ခပ်လှမ်းလှမ်းတွင် ရောက်ရှိလာပြီး ကျွန်တော်တို့ကို ကြည့်နေခြင်းဖြစ်သည်။

ကျွန်တော့်ဝန်ထမ်းများရှင်းပြအပြီး ရပ်ကြည့်နေသော ရွာသားများထဲမှ အသက်အကြီးဆုံးဟု ထင်ရသော ရွာသားကြီးအား ကျွန်တော်က “ဦးလေးကြီးက ဒီရွာကပဲလား၊ နာမည် ဘယ်လိုခေါ်သလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ။”

သူ့ကိုမေးရင်း ကျွန်တော်သူ့အနားလျှောက်သွားလိုက်သည်။

“ကျုပ်နာမည် ငယ်ငယ်တုန်းကတော့ ချစ်တိုးပေါ့။ အခုတော့ ရွာကလူတွေက ဦးချစ်တိုးလို့ ခေါ်တယ်။ ဒီရွာမှာမွေးတာပဲ၊ အသက် ၆၅ နှစ်။ အဘကရော နာမည်ဘယ်သူလဲ။”

ကျွန်တော်က ရင်းရင်းနှီးနှီး အနားကပ်သွားပြီး မေးလိုက်ခြင်းကြောင့် သူကပြန်ဖြေလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်အကျင့်က လူတွေ့လျှင် နာမည်မေးသည်။ ဇာတိမေးသည်။ အသက်မေးတတ်သည်။

“ဟာဗျာ ကျွန်တော့်ကို အဘ မခေါ်စမ်းပါနဲ့။ ကျွန်တော် အဘအရွယ် မရောက်သေးပါဘူး။ ကျွန်တော့်အသက်ဘယ်လောက်ရှိပြီ ထင်လို့လဲ။”

“အင်း ရှိလှ ၆၀ ဝန်းကျင်ပေါ့။ ရွာကအုပ်ကြီးတို့က မြို့ကလာတဲ့ လူကြီးတွေကို အဘ အဘလို့ ခေါ်တာကြောင့် ကျုပ်လည်း ခင်ဗျားတို့က ကားတွေ အများကြီးနဲ့လာတော့ အဘလို့ ခေါ်လိုက်တာပါဗျာ။”

“ကျွန်တော့်အသက်လည်း ခင်ဗျားနဲ့ မကွာပါဘူးဗျာ၊ ခင်ဗျားထက် နှစ်နှစ်ပဲ ကြီးတာ။ အေးပါ ခင်ဗျားက ကျုပ်ထက် ရုပ်ဘာကြောင့်ရင့်ရတာလဲ”။

ကျွန်တော်က သူ့ပခုံးကို လှမ်းပြီးပုတ်လိုက်ရင်း ရင်းရင်းနှီးနှီး ပြုံးပြုံးရွှင်ရွှင်မေးဖြစ်လိုက်သည်။

“ဟာ ဒါကတော့ ကျုပ်အမှန်အတိုင်းပြောမယ်နော်။ ခင်ဗျားတို့က မြို့မှာနေတယ်။ ပေါ်ကြွေ့နေရတယ်။ သွားစရာရှိလည်း ကားအကောင်းစားကြီးနဲ့ သွားရတယ်။ အစားကောင်းကောင်းစားရတယ်။ ရေဖောဖောသီသီ သုံးရတယ်။ အဲဒီတော့ ခင်ဗျားတို့က ကျုပ်တို့ထက်စာရင် နုတာပေါ့ဗျာ။ စိုပြည်တာပေါ့ဗျာ”

ဦးချစ်တိုးက မပြောတော့လည်း မပြော။ ပြောတော့လည်း ကရားမှ ရေလွှတ်လိုက်သည့်ပမာ တဲ့တိုးပြောတော့သည်။

“နေစမ်းပါဦး။ ကျွန်တော်တို့က ရေဖောဖောသီသီသုံးရလို့ နုနေတယ်ဆိုတော့ ခင်ဗျားတို့ကရော ရေဖောဖောသီသီ မသုံးရဘူးလား။ ခင်ဗျားတို့ရွာက ဒီချောင်းဘေးကပ်လျက်ရှိနေတာကို”

“အေး အဲဒီချောင်းဘေးမှာရှိပေမယ့် ဒီချောင်းက မိုးတွင်းမှ ရေရှိတာ၊ ရေရှိတယ်ဆိုတာလည်း အထက်ဘက်မှာ မိုးရွာတုန်းခဏပဲ။ အထက်မှာ မိုးရွာပြီဆိုရင် ချောင်းထဲကိုဖြတ်မသွားနဲ့တော့။ ရေလုံးက ဝါးလုံးထိုးစီးတာ။ မနှစ်က မိုးကလေးညို့လာပြီး လွတ်မယ်ထင်လို့ ရွာမြောက်ဘက်က သာရင် နွားလှည်းနဲ့ဖြတ်ကူးလိုက်တာ နွားရော၊ လူရော၊ လှည်းရော ရေစီးနဲ့ပါသွားလိုက်တာ သူ့သမီးငယ် ဂွက်ထော်မ ရှာမတွေ့တော့ဘူး။ ဒီချောင်းက အတော်လေးဆိုးတယ်။ တစ်နှစ်ကို တစ်ယောက်၊ နှစ်ယောက် လူစားတယ်။”

“ရေကတော့ မိုးရွာပြီးသွားရင် နှစ်လ၊ သုံးလလောက်တော့ လက်ယက်တွင်းတူးပြီး ရေခပ်ရတာပေါ့။ နွေအခါဆိုရင် ရွာထဲက ရေတွင်းတွေလည်း ရေခန်းသွား။ အလွန်ရေရှားတာပေါ့ဗျာ။ ဒါ့ကြောင့် ကျုပ်တို့ သဲတောသားတွေ လူရုပ်မပီတာပေါ့ဗျာ။ ခင်ဗျားတို့လို ရုပ်ရည်မနုတာပေါ့ဗျာ။”

ဦးချစ်တိုးက အတိတ်အကြောင်းကို ပြန်ပြောရင်း ခေါင်းတွင်ပတ်ထားသည့် မျက်နှာသုတ်ပဝါကြမ်းဖြင့် ချွေးဒီးဒီးကျနေသည့် သူ့မျက်နှာကို သုတ်လိုက်သည်။

“အခုတော့ရော ရေအခြေအနေ ဘယ်လိုလဲ”

သူ့ရင်ထဲက စကားကိုသိလို၍ ကျွန်တော် မေးလိုက်ခြင်းဖြစ်သည်။

### မြေအောက်တမံလုပ်ဖို့

“အခုတော့ ကျုပ်တို့ရေနဲ့ပတ်သက်ရင် အတော်အဆင်ပြေပြီလေ။ ပြီးခဲ့တဲ့ ခြောက်လလောက်က ခင်ဗျားတို့အစိုးရတက်ပြီး ခြောက်လလောက်မှာ ဒီဆရာတွေ ရောက်လာတယ်။ မြေအောက်တမံ လုပ်ဖို့ဆိုပြီး ချောင်းတစ်လျှောက်လိုက်ပြီး ကြည့်တယ်။ သဲတွေစစ်ဆေးတယ်။ ချောင်းအကျယ် တိုင်းတယ်။ ဘေးသားမြေအနေအထားကြည့်ပြီး ဒီနေရာကို ရွေးလိုက်တာပဲ။”

“ကျုပ်တို့က တစ်သက်လုံး ဒီလိုပဲနေလာပြီး ဒီလူတွေ အခုလိုလာပြီးလုပ်တော့ ပထမတော့ သိပ်ပြီးမယုံဘူးလေ။ အဲဒါကြောင့် သူတို့လုပ်တာတွေ ကျုပ်က လိုက်ပြီးကြည့်တာ။ ကျုပ်က အိုပယ်ဖြစ်နေတော့ အိမ်မှာလည်း တောက်တိုမည်ရပဲ။ ကျုပ်သမီးနဲ့သားမက်က ကျုပ်ကိုဘာမှမခိုင်းဘူး။ အလုပ်လုပ်စေချင်တာမဟုတ်ဘူး။ အဲဒါကြောင့် ဒီဆရာတွေ လုပ်တာကို ကျွန်တော်က အသေးစိတ်ကြည့်ဖြစ်တာ”

### တမံဆောက်ခဲ့

“ပထမ ဒီနေရာမှာ ဆယ်ပေအကျယ်လောက် ချောင်းကိုဖြတ် မြောင်းကြီးတူးလိုက်တာ။ တူးတာမှ ရေလုံးဝမစိမ့်တဲ့အထိ တူးလိုက်တာ။ ကျုပ်အထင် အနက်ပေ ၄၀-၅၀ လောက်ရှိမယ်ထင်တယ်။ အဲဒီမှာ အောက်ခံကျောက်ပဲ ရှိတော့တယ်။ အဲဒီနေရာကစပြီး ကန့်လန့်ဖြတ်ကျောက်ကြီးစီတယ်။ ကျောက်လတ်တွေစီတယ်။ ဘိလပ်မြေကို ဖောဖောသီသီသုံးပြီး ဒီတမံဆောက်ခဲ့တယ်။ ကျုပ်မှတ်ထားတာ တစ်လခွဲပြီး နှစ်ရက်နဲ့ ပြီးသွားတယ်။ အောက်ခြေက ခုနစ်ပေ၊ ရှစ်ပေလောက်ရှိပြီး ထိပ်မှာတော့ သုံးပေလောက်ရှိတယ်။ အဲ ပြီးတော့ ဘေးနံရံနှစ်ဖက် သဲဖြည့်ပြီး ပြီးသွားတယ်။ တမံပြီးတဲ့ရက်ကစပြီး ကျုပ်တို့လည်း မိုးရွာပါစေ၊ ရွာပါစေလို့ ဆုတောင်းနေတယ်။

“မိုးရွာတဲ့နေ့ကတော့ ကျုပ်အိမ်ကနေ သဲချောင်းတမံကို ကျုပ်တန်းပြီးပြေးတာ။ ဒီဆရာတွေ တစ်လခွဲ၊ နှစ်လ အပင်ပန်းခံပြီးလုပ်ထားတဲ့တမံ ဘယ်လိုနေမလဲဆိုတာသိချင်လို့။ ကျုပ်အိမ်ကနေ ထပြီးပြေးတော့ ကျုပ်သားမက်ကလည်း အဘ၊ အဘလို့ လှမ်းခေါ်ပြီး ကျုပ်နောက်က ပြေးပြီးလိုက်တယ်။ တမံထိပ်ရောက်မှ ကျုပ်လည်းအပြေးရပ်ပြီး၊ တမံထိပ်မှာထိုင်ပြီး အမောဖြေရင်း အထက်ဘက်က စီးလာတဲ့ရေကို စောင့်ကြည့်ဖြစ်တယ်။ ရေကအရင်လို သဲချောင်းထဲမှာ ဝါးလုံးထိုး မစီးတော့ဘူး။ တဖြည်းဖြည်းပဲ စီးလာတယ်။ ကျုပ်တို့လုပ်ထားတဲ့ တမံအထိကို ဖြည်းဖြည်းစီးလာပြီး တမံကို ချက်ချင်းတောင် မကျော်နိုင်ဘူး။ အဲဒီမိုးမှာတော့ ကျုပ်ထင်တယ်။ တမံထဲ ရေဖြည့်နေရလို့လား မသိဘူး။ တမံပေါ်က နည်းနည်းပဲကျော်သွားတယ်”

ဦးချစ်တိုး စိတ်ပါလက်ပါပြောနေ၍ သူ့စကား မဖြတ်လိုသဖြင့် ကျွန်တော်ငြိမ်၍သာ နားထောင်နေမိသည်။

### သဲချောင်းထဲဆင်းပြီး လက်ယက်တွင်း တူးကြည့်

“နေ့လယ်လောက်ရောက်တော့ ဒီဆရာတွေ တမံလာပြီးကြည့်တယ်။ ကျုပ်က အခြေအနေ ရှင်းပြပြီး ရေနွေးကြမ်းသောက်ဖို့ အိမ်ကိုခေါ်တော့ အိမ်မသွားဘဲ ဒီတမာပင်ရိပ်မှာပဲ တမံကိုကြည့်ရင်း ကျုပ်တို့စကားထိုင်ပြီးပြောနေဖြစ်တယ်။ အဲဒီဆရာတွေနဲ့ကျုပ် သဲချောင်းထဲဆင်းပြီး လက်ယက်တွင်း တူးကြည့်လိုက်တော့ တောင်ဆုတ်လောက်ပဲ တူးရတယ်။ ရေချက်ချင်းထွက်ပြီး ချက်ချင်းပြည့်လာတယ်။ ကျုပ်တော့ ထပြီး ကချင်လောက်အောင်ကို ဝမ်းသာမိတယ်။”

“ဒီရေတွင်းတွေကရော ဘယ်လောက်ကြာမှ ရေအပေါ်တက်လာလဲ”

ကျွန်တော်က ဦးချစ်တိုးမောနေမည်စိုး၍ အနီးရှိ ရေတွင်းကို လက်ညှိုးထိုးပြပြီး ကြားဖြတ်မေးလိုက်ခြင်းဖြစ်သည်။

“ကျုပ်က အဲဒါလည်း သေချာမှတ်ထားတာဗျ။ မိုးရွာပြီးသုံးရက်လောက်ကြာတော့ ရေက တစ်ပေနီးပါး တက်လာတယ်။ နောက်ပိုင်းကျုပ်မှတ်ထားသလောက် တစ်ပတ်၊ ဆယ်ရက်ကြာတော့ နှစ်ပေသာသာတက်လာတယ်။ အခုတော့ မိုးရွာရင်လည်း ကျုပ်တို့သဲချောင်းက ကြောက်စရာမလိုတော့ဘူး။ တမံအပေါ် ရေမကျော်သရွေ့ တမံရေမဝင်တဲ့ အောက်ဘက်က ဖြတ်လို့ရတယ်။ ကျုပ်တို့တစ်ရွာလုံး ပျော်မဆုံး မော်မဆုံးပါ။ ကျုပ်တို့ သဲတောရွာသားတွေက **“ရွှေမလိုချင်ပါ၊ ရေကိုသာ လိုချင်တာပါ။”** အဲဒါကြောင့် အဘ အဲ ဆရာကြီး ရောက်လာတဲ့ အချိန်မှာ ဆရာတို့ အစိုးရအဖွဲ့ကို ကျေးဇူးတင်ကြောင်း ဝမ်းသာအားရပြောမိတာပါ”

**“၂၀၂၁ ခုနှစ်က မကွေးတိုင်းဒေသကြီးတွင် သဲတောမြေအောက်တမံ၊ ကျောက်ထပ်မြေအောက်တမံနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဝါးခင်းကြီးမြေအောက်တမံတို့ကို ကျွန်တော်တို့ တည်ဆောက်နိုင်ခဲ့ပါသည်။ သဲတောမြေအောက်တမံသည် သဲတောကျေးရွာ အပါအဝင် ရွာသုံးရွာရှိ အိမ်ထောင်စု ၆၈၉ စုမှ လူဦးရေ ၃၃၅၈ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၁၅၆၅ ကောင်အတွက် သောက်သုံးရေလုံလောက်စွာရရှိစေခဲ့ပါသည်။ ကျောက်ထပ်မြေအောက်တမံသည် ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု ၆၈၉ စုရှိ လူဦးရေ ၁၆၇၃ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၁၄၂၅ ကောင်အတွက် သောက်သုံးရေရရှိစေသည့်အပြင် ဝါးခင်းကြီးချောင်း မြေအောက်တမံတည်ဆောက်ခြင်းကြောင့် ကျေးရွာရှစ်ရွာရှိ အိမ်ထောင်စု ၉၆၀ မှ လူဦးရေ ၄၀၀၀ နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၈၀၀ အတွက် သောက်သုံးရေရရှိစေခဲ့”**

စာမျက်နှာ ၇ သို့ ○



# ရှေးဟောင်းသုတေသနပညာသည် မိမိနိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ် သမိုင်းအစဉ်အလာကို ဖော်ထုတ်သင့်သဖြင့် ပိုမိုတိုးမြှင့်လေ့လာသင်ကြား

**နေပြည်တော် မေ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်မင်းနှင့်အတူ ယနေ့တွင် သရေခေတ္တရာ ရှေးဟောင်းဇုန်အတွင်းရှိ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီးနှင့် ကထိကဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကမ္ဘာ့အမွေအနှစ် သရေခေတ္တရာ ပျူမြို့ဟောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အစည်းများ၊ သရေခေတ္တရာဌာနစုမှ ဝန်ထမ်းများကို သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် စာဖတ်ကြရန် အထူးလိုအပ်ကြောင်း၊ သင်ယူလေ့လာမှုကြောင့် တတ်မြောက်ခြင်းသည် အတတ်ပညာတတ်မြောက်ခြင်းသာဖြစ်၍ Wisdom မဖြစ်နိုင်ကြောင်း၊ စာပေလေ့လာဖတ်ရှုမှု များပြားမှသာလျှင် မိမိကိုယ်တိုင် ဆင်ခြင်ဉာဏ်တိုးတက်ရင့်သန်ပြီး ဆင်ခြင်စဉ်းစားမှု အားကောင်းလာကာ စစ်မှန်သော အသိပညာရှင် Wisdom ဖြစ်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရှင်ဖြစ်စေရန် အဓိကမှာကြားလိုသည်မှာ စာများများ ဖတ်ရန်လိုအပ်ပါကြောင်း၊ ရှေးဟောင်းသုတေသနပညာသည် မိမိနိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ်သမိုင်းအစဉ်အလာကို ဖော်ထုတ်သင့်သဖြင့် ရှေးဟောင်းသုတေသန ဝန်ထမ်းများအနေဖြင့် မိမိအလုပ်ကို လေးစားတန်ဖိုးထားကြရန်နှင့် ပိုမိုတိုးမြှင့်လေ့လာသင်ကြားပေးခြင်း၊ ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရေး မှာကြားကာ သင်တန်းကျောင်းရှိ စာသင်ခန်းမနှင့် စာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သီရိခေတ္တရာပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သရေခေတ္တရာပျူမြို့ဟောင်း (ရှေးဟောင်းဇုန်) အတွင်းရှိ ဘုရားထောင်ဘုရား ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ၊ ဘောဘောကြီးစေတီပေါ်တွင် ပေါက်ရောက်နေသော မြက်များနှင့် ညောင်ပင်များ ရှင်းလင်းရေး ဆောင်ရွက်ရန်၊ တူးဖော်ရေးကုန်းအမှတ်(HMA-53)ကုန်း၊ ရဟန္တာကန်၊ ရဟန္တာမြို့ဝင်ပေါက်နှင့် သရေခေတ္တရာ နန်းတော်ရာတူးဖော်သုတေသနလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေဆံတော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ညောင်တုန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ညောင်တုန်း မေ ၂၉**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မိုးစပါးရာသီ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြကို ယနေ့နံနက် ၉နာရီက ဇီးဖြူကျွန်းကျေးရွာ ကွင်းအမှတ်(၃၇၉)၊ ဦးပိုင်အမှတ်(၁၀၂/၁)ရှိ တောင်သူ ဦးစိုးမြင့်နွယ်၏ လယ်မြေ ၁၀ ဧကတွင် ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဦးလူချောနှင့်ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလူချောက သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းအကျိုးကျေးဇူးများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများ၊ မိုးစပါးသီးနှံအထွက်နှုန်းနှင့် အရည်အသွေး တိုးတက်မြင့်မားရေး နည်းလမ်းများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို တက်ရောက်လာကြသည့် တောင်သူများအား အသိပညာပေးရှင်းလင်း ပြောကြားကြောင်း သိရသည်။

**ထက်ဝေဖြိုး(ပြန်/ဆက်)**



**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**နေပြည်တော် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

○ စာမျက်နှာ ၆ မှ

သည်တစ်ခါတော့ သဲတောရွာသား ဦးချစ်တုံး၏ စကားသံအောက်တွင် ဝမ်းသာပီတိဖြစ်နေမိသူက ကျွန်တော်ပါ။ ကျွန်တော်ပို၍ ဝမ်းသာပီတိဖြစ်ရသည်က ဦးချစ်တုံးက သူ၏လက်များဖြင့် ကျွန်တော့်လက်ကို ရင်းရင်းနှီးနှီးဖျစ်ညှစ် နှုတ်ဆက်လာပါသည်။ ကျွန်တော်လည်း ကိုဗစ်ရောဂါကာလဖြစ်နေသည်ကို သတိမရတော့ဘဲ ဦးချစ်တုံး၏လက်ကို တင်းတင်းကျပ်ကျပ်ပြန်ဆုပ်၍ နှုတ်ဆက်ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က မကွေးတိုင်းဒေသကြီးတွင် သဲတောမြေအောက်တမံ၊ ကျောက်ထပ်မြေအောက်တမံနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဝါခင်းကြီးမြေအောက်တမံတို့ကို ကျွန်တော်တို့ တည်ဆောက်နိုင်ခဲ့ပါသည်။ သဲတောမြေအောက်တမံသည် သဲတောကျေးရွာအပါအဝင် ရွာသုံးရွာရှိ အိမ်ထောင်စု ၆၈၉ စုမှ လူဦးရေ ၃၃၅၈ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၁၅၆၅ ကောင်အတွက် သောက်သုံးရေလုံလောက်စွာရရှိစေခဲ့ပါသည်။ ကျောက်ထပ်မြေအောက်တမံသည် ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု ၆၈၉ စုရှိ လူဦးရေ ၁၆၇၃ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၁၄၂၅ ကောင်အတွက် သောက်သုံးရေရရှိစေသည့်အပြင် ဝါခင်းကြီးချောင်း မြေအောက်တမံ တည်ဆောက်ခြင်းကြောင့် ကျေးရွာ ရှစ်ရွာရှိ အိမ်ထောင်စု ၉၆၀ မှ လူဦးရေ ၄၀၀၀နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၈၀၀ အတွက် သောက်သုံးရေ ရရှိစေခဲ့ပါသည်။



ကျတ်ပြည့် မြေအောက်တမံတည်ဆောက်ခြင်း ဆောင်ရွက်နေစဉ်။

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မြေအောက်တမံသုံးခု၏ အကျိုးပြုမှုကို ပြန်လည်စိစစ်သုံးသပ်ပြီး ၂၀၂၂-၂၀၂၃ ခု ယခုဘဏ္ဍာနှစ်တွင် **"ရွှေကိုမလို ရေကိုသာလိုသည့်"** ရွှေညာသူ ရွှေညာသားများအတွက် မြေအောက်တမံများ လိုအပ်သည့်နေရာများတွင် ထပ်မံတည်ဆောက်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားခဲ့ပါသည်။

### တည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်

သို့ဖြစ်၍လည်း ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် တောင်ဇင်းချောင်းမြေအောက်တမံ၊ ဘောလုံးကျွန်းချောင်း မြေအောက်တမံ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စိတ်ထိန်းမြေအောက်တမံ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် အောင်နန်းမြေအောက်တမံ၊ ကျတ်ပြည့်မြေအောက်တမံ၊ ဖောင်ကျောင်းမြေအောက်တမံနှင့် ရိုးရမြေအောက်တမံအပါအဝင် မန္တလေးတိုင်းဒေသကြီးတွင် မြေအောက်တမံ သုံးခုနှင့် မကွေးတိုင်းဒေသကြီးတွင် မြေအောက်တမံ လေးခု စုစုပေါင်း ခုနစ်ခုကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိပါသည်။ ၎င်းပြင် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် နတ်မောက်မြို့နယ် ဥသျှစ်ကုန်းမြေအောက်တမံနှင့် ရေထွက်မြေအောက်တမံ စုစုပေါင်း မြေအောက်တမံနှစ်ခုကို တည်ဆောက်လျက်ရှိရာ မြေအောက်တမံ နှစ်ခုလုံး၏ တည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါသည်။

အညာဒေသများတွင် မြေအောက်တမံများ တည်ဆောက်ပေးခြင်းဖြင့် ပတ်ဝန်းကျင် ကျေးရွာသူ ကျေးရွာသားများအတွက် သောက်သုံးရေအထောက်အပံ့ဖြစ်စေခြင်း၊ ချောင်းတစ်လျှောက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးလာနိုင်ခြင်း၊ ကျေးရွာအတွင်းရှိ ရေတွင်းများ၏ ရေမျက်နှာပြင်မြင့်တက်လာပြီး ရေပိုထွက်ခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြေအောက်တမံများသည် **"ရွှေကိုမလို ရေကိုသာလိုသည့် ရွှေညာသူ ရွှေညာသား"** များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့မှ ပေးအပ်သည့် **"အဖိုးမဖြတ်နိုင်သည့် သဘာဝလက်ဆောင်များ"** ဟု ခံယူမိပါသည်။ ။

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက် တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့် ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## မွန်စာပေကို ကျယ်ကျယ်ပြန့်ပြန့်သင်ကြားနိုင်ရန် မွန်တိုင်းရင်းသား ဆရာ ဆရာမများ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ကျင်းပ

**ဘားအံ မေ ၂၉**

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မွန်စာပေနှင့်ယဉ်ကျေးမှုအသင်း (ကရင်ပြည်နယ်) တို့က ကြီးမှူးကျင်းပသည့် နွေရာသီ မွန်တိုင်းရင်းသား ဆရာ ဆရာမများ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ သာသနဝ့ံဗိမာန်၌ ကျင်းပသည်။

**မွန်စာပေကို ကျယ်ကျယ်ပြန့်ပြန့်သင်ကြား**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ၂၀၂၀-၂၀၂၂ ပညာသင်နှစ်စာရင်းအရ ကရင်ပြည်နယ်အတွင်း အခြေခံပညာကျောင်း ၉၂ ကျောင်း၌ ဆရာ ဆရာမ ၁၁၀ တို့က ကျောင်းသား ကျောင်းသူ ၆၃၆၀ တို့အား မွန်တိုင်းရင်းသားစာပေများ သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ မွန်တိုင်းရင်းသားဘာသာပြ ဆရာ ဆရာမများ သင်ကြား/သင်ယူမှုစွမ်းရည်မြင့်မားလာစေရန်၊ မွန်စာပေကို ကျယ်ကျယ်ပြန့်ပြန့် သင်ကြားနိုင်ရန်နှင့် မွန်အမျိုးသားတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုများကို ချစ်မြတ်နိုးတတ်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး မွန်စာပေကို ကလေးများနားလည်သဘောပေါက်လွယ်အောင် ထိရောက်စွာသင်ကြားပေးရန်လိုကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းခန်းအတွင်းသို့ရောက်ရှိလာအောင် ဆရာ ဆရာမများက အားပေးတိုက်တွန်းရန်လိုပြီး မိဘများကလည်း မိမိတို့သားသမီးများ ကျောင်းတက်ရောက်နိုင်ရန် ကျောင်းသို့ ပို့ဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော့ဘိန်းအထက်တန်းကျောင်း၌ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံမှုအခြေအနေ၊ ဆရာ ဆရာမများက ကျောင်းအပ်လက်ခံပေးနေမှုအခြေအနေ၊ ကျောင်းသုံးဗလာစာအုပ်၊ ပုံနှိပ်စာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို အတန်းစဉ်အလိုက် အခမဲ့ ထောက်ပံ့ပေးအပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အထက ကော့ဘိန်းကျောင်း ဘောလုံးကွင်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝဲရိတ်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသော ကော့ကရိတ်မြို့နယ်လုံးဆိုင်ရာ နွေရာသီ မွန်စာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း သင်တန်းသား သင်တန်းသူ ၉၃၉ ဦး စာမေးပွဲဖြေဆိုနေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်မှုကို ဖြစ်ထွန်းစေမည့် ပညာရေးစနစ်အသစ်၊ သင်ရိုးညွှန်းတမ်းအသစ်များကို အကောင်အထည်ဖော်

**မကွေး မေ ၂၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး ကျောင်းအပ်နှံရေး သီတင်းပတ်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ရည်မှန်းချက်သုံးရပ်ဖြင့် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအား ဇွန် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ရာ ကျောင်းဖွင့်နေသည့်ကာလအတွင်း၌လည်း ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ကာ မိဘများအနေဖြင့် မိမိတို့သားသမီးများအား ကျောင်းအပ်နိုင်သည်ကို အသိပေးပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်မှုကို ဖြစ်ထွန်းစေမည့် ပညာရေးစနစ်အသစ်၊ သင်ရိုးညွှန်းတမ်းအသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းအဆင့်များကို တိုးမြှင့်ဖွင့်လှစ်ပေးခြင်းနှင့် ကျောင်းအဆောက်အအုံအသစ်များ နှစ်စဉ်တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ကျောင်းဥပဓိရုပ်များကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆရာ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကင်းရှင်းစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် အသက်ငါးနှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ပညာရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို လည်းကောင်း၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်လင်းနှင့် လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်တို့က ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သထုံမြို့နယ် ဒုံသမိမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**သထုံ မေ ၂၉**

မွန်ပြည်နယ် သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သထုံမြို့နယ်တွင် ငါးသယံဇာတများ တိုးပွားပြီး ဒေသတွင်းငါးစားသုံးမှုဖူလုံရေးအတွက် မေ ၂၈ ရက် နံနက်ပိုင်းက ငါးလုပ်ငန်းဦးစီးဌာနမှ ဒူးရင်းဆိပ်ကျေးရွာရှိ ဒုံသမိမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေစုစုပေါင်း တစ်သိန်းခွဲကို မျိုးစိုက်ထည့်ပေးသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့်ဝန်ထမ်းများ၊ ငါးလုပ်ငန်းစခန်း(သထုံ)မှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရေလုပ်သားများက ငါးသားဖောက်စခန်း(သထုံ)မှ ထုတ်လုပ်သည့် နှစ်လက်မနှင့်အထက် အရွယ်အစားရှိ ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်း တစ်မျိုးလျှင် ကောင်ရေ ၅၀၀၀၀ စီ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ဒုံသမိမြစ်အတွင်းသို့ စုပေါင်းမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားဆောင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**လှိုင်ကော် မေ ၂၉**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၂၆ ရက်တွင် ဖားဆောင်း မြို့နယ်နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖားဆောင်းမြို့နယ် မြောက်ပိုင်းရပ်ကွက်ရှိ ဖားစည်သံလွင်ခန်းမသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးက ကယားပြည်နယ် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖားဆောင်းမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့်မြို့ဖြစ်ပြီး မြို့နယ်၏ အဓိကသီးနှံများဖြစ်သော စပါး၊ နှမ်းနှင့် နေကြာများကို မူလရည်မှန်းထားသည့် သတ်မှတ်စိုက်ဧကများ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ဖားဆောင်းမြို့နယ်ဆေးရုံတွင် ပြည်သူများကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးများပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြည့်အဝ ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် စာပေသင်ယူနိုင်ရေးအတွက် ဆရာ၊ မိဘနှင့် ကျောင်းအကျိုးတော်ဆောင်များက ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများသည် အရေးကြီး ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး ဖားဆောင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား အခြေခံစားကုန်များ၊ ထောက်ပံ့ ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ မြို့နယ်ကုသရေးဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဆေးရုံကြီးရှိ ဆေးသိုလှောင်ရုံတွင် ဆေးဝါးများ စနစ်တကျ ထားသိုမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကာ မြို့နယ်ဆေးရုံတွင် ပြည်သူများဆေးကုသရာ၌ ဆေးဝါးများ မပြတ်လပ်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသည့် လူနာများကိုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်ပြီး ဖားဆောင်းမြို့နယ် အခြေခံပညာကျောင်းများ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသားမိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ၊ စာအုပ်များကို လည်းကောင်း၊ ဆရာ ဆရာမများအား ထောက်ပံ့ငွေများနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက် နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပြည်ထောင်စုကွင်း၌ ပြုလုပ်သည်။



အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ ငြိမ်းချမ်းရေးကို လိုလားသူပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၂၇၈၀ ခန့် တက်ရောက်ကြသည်။

**ဆွေးနွေးဟောပြော**

ဦးစွာ တာဝန်ရှိသူများက ငြိမ်းချမ်းရေးသည် မြန်မာပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ တိုင်းပြည်ငြိမ်းချမ်းမှ ပြည်သူများ ဖွံ့ဖြိုးတိုးတက်မည် ဟူသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလိုလားသူပြည်သူများက "ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး ဒို့အရေး၊ ပြည်ပစွက်ဖက်မှုအန္တရာယ်ဆန့်ကျင်တိုက်ဖျက်ရေး ဒို့အရေး၊ ငြိမ်းချမ်းရေးပျက်ပြားအောင် ဖျက်ဆီးနေသူများ ကျဆုံးရေး ဒို့အရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်မြင်ရမည်" စသည့်ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ထောက်ခံပွဲကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ တိရစ္ဆာန်အစာများမှ**

စီမံချက်အတိုင်း ဆောင်ရွက်နေသလို ညွှန်ကြားချက်အတိုင်း အစာစက်ရုံကို ခွင့်ပြုဖို့အတွက် အစာထုတ်လုပ်မှုမှာ တားမြစ်ပဋိဇီဝဆေးဝါးများ ထည့်သွင်းရောစပ်ပြီး ထုတ်လုပ်မှု ရှိ၊ မရှိကိုလည်း စစ်ဆေးပါတယ်။ နို့စားနွား၊ ဝက်၊ ကြက်၊ ဘဲ၊ ငုံးစတဲ့မွေးမြူမှုမှာလည်း တားမြစ်ထားတဲ့ ပဋိဇီဝဆေးဝါးများသုံးစွဲမှု ရှိ၊ မရှိကိုလည်း စဉ်ဆက်မပြတ်စစ်ဆေးပြီး ကောင်းမွန်တဲ့ မွေးမြူရေးကျင့်စဉ်ကို လိုက်နာမှုဟာ သန့်ရှင်းပြီး ရောဂါကင်းတဲ့ အစားအစာကို စားသုံးတဲ့ပြည်သူတွေအတွက် အမျိုးသားကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတာကြောင့် မွေးမြူရေးခြံတွေနဲ့ စက်ရုံတွေမှာလည်း စစ်ဆေးဆောင်ရွက်ပြီး တိရစ္ဆာန်အစာနဲ့ဆေးဝါး သုတေသနဌာနစိတ်မှာလည်း ချမှတ်ထားတဲ့စီမံချက်နဲ့အညီ ဓာတ်ခွဲစစ်ဆေးမှုကို ဆောင်ရွက်နေပါတယ်"ဟု အင်းစိန်မြို့နယ် တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသနဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးသိန်းက ပြောသည်။

တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသနဌာနစိတ်အနေဖြင့် တိရစ္ဆာန်အစာ၊ ကာကွယ်ဆေးနှင့် ကုသဆေးဝါးတို့ကို ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်လျက်ရှိရာ တိရစ္ဆာန်အစာများတွင် အာဟာရတန်ဖိုးနှင့် အဆိပ်အတောက်ပါဝင်မှုကို လည်းကောင်း၊ ကုသဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းများ၊ ဗီတာမင်နှင့်သတ္တုဓာတ်များ၊ ပိုးသတ်ဆေးများကို လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပထုတ် တိရစ္ဆာန်ကာကွယ်ဆေးများကို လည်းကောင်း၊ ဆေးစမ်းတိရစ္ဆာန်ငယ်များ မွေးမြူထိန်းသိမ်းခြင်းကိုလည်းကောင်း၊ FAO Project ဖြစ်သော ကြက်ဥတွင် ပဋိဇီဝကင်းစင်မှု ရှိ၊ မရှိ စစ်ဆေးခြင်းကို လည်းကောင်း၊ IAEA နှင့် FAO၊ နိုင်ငံတော်အစိုးရအထောက်အပံ့ဖြင့် တိရစ္ဆာန်အစာမှ ပဋိဇီဝဆေးဝါး ရောစပ်ခြင်း ရှိ၊ မရှိ၊ ဓာတ်ကြွင်းပါဝင်မှု ရှိ၊ မရှိတို့ကိုလည်းကောင်း ဓာတ်ခွဲစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

တိရစ္ဆာန်အစာများတွင် တားမြစ်ပဋိဇီဝဆေးဝါးများအသုံးပြုမှုကို စောင့်ကြည့်စစ်ဆေးရေးစီမံချက်ကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ် နိုဝင်ဘာလအထိ တစ်နှစ်တာ ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဥ၊ နို့၊ အသားတို့တွင် ဓာတ်ကြွင်းပစ္စည်းများပါဝင်မှု ရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို စီမံချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**



ရန်ကုန်မြို့ အင်းစိန်မြို့နယ် တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသနဌာနစိတ်၌ ဓာတ်ခွဲစစ်ဆေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၂၉ ရက်တွင် နယ်စပ်(လွယ်ဂျယ်)၌ ကုမ္ပဏီသုံးခုမှ Vitamin B2 Tablet ၂၈၈၀၊ Diclofemc Sodium Injection ၅၆၈၈၀၊ Compound Vitamin B Injection ၈၆၄၀၀၊ Pentoxyverine Citrate Tablet ၇၉၈၀၀၊ Aminophylline Tablet ၁၅၀၀၀၊ PPE ၄၀၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးယဉ်ကျေးမှုနှင့် ဒီမိုကရေစီ

ပိုက်တင်

Many liberation and political movements that valiantly opposed authoritarian regimes often behave in markedly undemocratic ways when in power themselves.

william Gumede က သူ့ရဲ့ The Poverty of Ideas ဆိုတဲ့ အက်ဆေးစာအုပ်ထဲမှာ အခုလိုပဲ ရေးသားထားတာဖြစ်တယ်။ ဆိုလိုတာက အာဏာရှင်စနစ်ကို ရဲရဲဝံ့ဝံ့ ဆန့်ကျင်တဲ့ လွတ်လပ်ခွင့်နဲ့ နိုင်ငံရေးလှုပ်ရှားမှု တော်တော်များများ (လူတော်တော်များများ)ဟာ သူတို့ကိုယ်တိုင်က အာဏာရလာတဲ့အခါမှာ ဒီမိုကရေစီနည်းလမ်း မကျတဲ့ နည်းလမ်းတွေနဲ့ ပြုမူလုပ်ဆောင်တာကို မကြာခဏ မြင်တွေ့ရတယ်ဆိုတဲ့ သဘောပါ။

**လွတ်လပ်ရေးနဲ့သက်ဆိုင်တဲ့ နိုင်ငံရေးယဉ်ကျေးမှု**

ဥရောပနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ တော်တော်များများမှာ အရည်အသွေးပြည့် ဒီမိုကရေစီ (quality democracy)ကို တည်ဆောက်ထိန်းသိမ်းနိုင်စွမ်း မရှိရခြင်းရဲ့ တစ်ခုသောအကြောင်းရင်းကတော့ တော်လှန်ရေးမှမဟုတ် လွတ်လပ်ရေးနဲ့သက်ဆိုင်တဲ့ နိုင်ငံရေးယဉ်ကျေးမှုကို ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုအဖြစ်သို့ မပြောင်းလဲနိုင်ကြလို့ဘဲလို့ သူကအဲဒီစာအုပ်မှာ ဆိုထားပါတယ်။ ဒီမိုကရေစီဟာ အမှန်တကယ်ပဲ ဖြစ်ထွန်းနေပြီလား၊ ရှင်သန်နေပြီလားဆိုတာကို တိုင်းတာဖို့အတွက် နည်းလမ်းတစ်ခုကတော့ အဲဒီ ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုကို ဖွံ့ဖြိုးလာအောင် လုပ်နေပြီလားဆိုတာပဲ ဖြစ်တယ်။ ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေဟာ အနှစ်သာရပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ ပုံသဏ္ဍာန်အရဖြစ်နေခြင်း၊ ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲတွေ ရှိနေခြင်းတို့ကို ကြည့်မြင်ပြီးတော့ ဒီမိုကရက်တစ် နိုင်ငံရေး ယဉ်ကျေးမှု ထွန်းကားနေပြီလို့ လွဲမှားစွာ ကောက်ချက်ချတတ်တယ်။

တကယ်တော့ နိုင်ငံရေးယဉ်ကျေးမှုက အစိုးရအင်စတီကျူးရှင်းပုံစံတွေကို အဆုံးအဖြတ်ပေးတယ်၊ အစိုးရအဖွဲ့မှာ အာဏာက ဘယ်လို ဖြန့်ကြက်သလဲ၊ လူ့အဖွဲ့အစည်းနဲ့ အစိုးရအဖွဲ့တို့မှာ ဘယ်သူတွေဆီ လုပ်ပိုင်ခွင့်တွေ အပ်နှင်းထားသလဲ၊ မူဝါဒတွေနဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ ဘယ်သူတွေက ဘယ်လိုပါဝင်ခွင့်ရှိသလဲ၊ နိုင်ငံသားတွေက သူတို့ခေါင်းဆောင်တွေအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတယ်လို့ သဘောထားသလား စတာတွေအားလုံးက နိုင်ငံရေး ယဉ်ကျေးမှုနဲ့ပဲ သက်ဆိုင်တယ်။ ဒီမိုကရက်တစ် နိုင်ငံရေး ယဉ်ကျေးမှု ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နိုင်ငံရေးယဉ်ကျေးမှုက ပြည်သူလူထုရဲ့ နိုင်ငံရေးစနစ်တစ်ရပ်လုံး (အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ ဗျူရိုကရေစီ၊ နိုင်ငံရေးပါတီတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ) အပေါ် နားလည်သဘောပေါက်မှုပုံစံ၊ နိုင်ငံရေးဖြစ်စဉ်နဲ့ မူဝါဒချမှတ်မှုလုပ်ငန်းစဉ် စသည်တို့အပေါ် ရိုက်ခတ်မှု၊ သက်ရောက်မှုရှိတယ်။ ပြဋ္ဌာန်းတယ်။

ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုဆိုတဲ့ စကားရပ်ကို အပြည့်အစုံ နားလည်အောင် လွယ်လွယ်ကူကူနဲ့ ဖွင့်ဆိုပြလို့မရနိုင်ပေမဲ့ အစိုးရတွေ၊ အဖွဲ့အစည်းတွေ၊ တသီးပုဂ္ဂလိကတွေရဲ့ ပြုမူပုံတွေနဲ့ပတ်သက်လို့ ကျင့်ဝတ်ဆိုင်ရာစံနှုန်းတွေနဲ့ အဆင့်အတန်းတွေကို ပြဋ္ဌာန်းပေးတဲ့အရာ ဖြစ်တယ်လို့တော့ ပြောလို့ရတယ်။

**နိုင်ငံရေးအဖြေကောင်းတွေကို ရှာဖွေဖော်ထုတ်ပေးနိုင်ရေး**

တိုးတက်တဲ့အမြင်ရှိကြတဲ့ ပညာရှင်၊ ပညာတတ်တွေ (intellectaul)တို့ရဲ့ အခန်းကဏ္ဍက ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုကို တည်ဆောက်ရေးမှာ အရေးပါတဲ့ကဏ္ဍကနေ ပါဝင်ကြတယ်။ အရည်အသွေးမြင့်တဲ့ ဒီမိုကရေစီ (quality democracy) ဖြစ်ထွန်းပေါ်ပေါက်ရေးမှာ အင်ထဲလက်ကျူဝဲလို့ဆိုတဲ့ ပုဂ္ဂိုလ်တွေက ဦးဆောင်ပြီး ပုံဖော်နိုင်မှ နိုင်ငံရေးယဉ်ကျေးမှုဟာ မြင့်မားလာနိုင်မယ်လို့ဆိုတယ်။ ဥပမာအားဖြင့် ပညာရှင်၊ ပညာတတ်တွေအနေနဲ့ အရေးပါတဲ့ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ် (issue) တစ်ခုကို ဒီဘိတ်တွေ၊ ဆွေးနွေးအဖြေရှာမှုတွေ ပြုလုပ်နိုင်ရင် အစိုးရအတွက်ရော နိုင်ငံသားတွေအတွက်ပါ ကောင်းမွန်တဲ့ အဖြေတွေရရှိနိုင်ပြီး အစိုးရရဲ့ အမှားနဲ့ အားနည်းချက်တွေကို ထောက်ပြပြောဆိုခြင်းကလည်း ဒီမိုကရက်တစ် နိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ကို ဖြစ်ထွန်းပေါ်ပေါက်စေဖို့ မရှိမဖြစ်အရေးပါလှတာဖြစ်တယ်။ ပညာတတ်တွေက အတွေ့အကြုံ အသိပညာမြင့်မားတာ ဖြစ်တာနဲ့အညီ နိုင်ငံရေးအဖြေကောင်းတွေကို ရှာဖွေဖော်ထုတ်ပေးနိုင်ရေး ဝိုင်းဝန်းနိုင်ကြတာဖြစ်တယ်။ ဒီကိစ္စဟာ ဒီမိုကရေစီ ရှင်သန်ဖြစ်ထွန်းရေးအတွက် ဆိုရင် ရွေးကောက်ပွဲတွေထက်ပင် များစွာပိုလို့ အရေးပါတယ်လို့ဆိုတယ်။

ဒီမိုကရေစီရဲ့ စစ်မှန်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုတဲ့ ပြည်သူ့အုပ်ချုပ်ရေးဆိုတဲ့သဘောတရားက ပီပြင်ဖို့ ဆိုရင် လွတ်လပ်တဲ့ဆွေးနွေးမှုတွေ (free discussions) ကို ပြည်သူလူထုကြားမှာ များများလုပ်ပေးဖို့လိုတယ်လို့ Jrgen Habermas က ဆိုတယ်။ ပြည်သူအများရဲ့ ဆွေးနွေးမှုတွေက မတူညီတဲ့ အတွေးအမြင်တွေကို လေးစားမှု၊ ဗဟုဝါဒတို့အပေါ် လေးစားမှုကို မြှင့်တင်ပေးနိုင်တယ်လို့ Amartya Sen က ဆိုတယ်။ ဒီမိုကရေစီမရင့်သေးတဲ့ လူ့အဖွဲ့အစည်းမှာ ဒီဘိတ်တွေ၊ ဆွေးနွေးမှုတွေလုပ်ဖို့ အင်မတန်ခက်တယ်။ အထူးသဖြင့် မတူကွဲပြားမှုတွေများလေ ပိုခက်ခဲလေ ဖြစ်တယ်။ ဒါပေမဲ့ မတူကွဲပြားမှုတွေများလေ ဒီမိုကရေစီ စစ်မှန်ခိုင်မာဖို့ဆိုရင် ဒီဆွေးနွေးမှုတွေက ပိုလိုအပ်လေလည်း ဖြစ်တယ်။

> **ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ ဝေဖန်ပိုင်းခြားတဲ့တွေးခေါ်မှုဟာ ဟိုးရှေးခေတ်အေသင်မှာ လိုအပ်တယ်လို့ ဆိုကရေးတီးက ဖော်ထုတ်ခဲ့သလိုပဲ ခေတ်သစ်ဒီမိုကရေစီမှာလည်း မပြောင်းမလဲလိုအပ်နေဆဲဖြစ်တယ်။ ဝေဖန်ပိုင်းခြား တွေးခေါ်ခြင်းကနေပဲ ဒီမိုကရက်တစ်နိုင်ငံရေးယဉ်ကျေးမှုကို တစ်နည်းတစ်ဖုံ မြှင့်တင်ပေးတယ်။ ဝေဖန်ပိုင်းခြားသိမြင်မှုမရှိဘဲ တစ်ဖက်ပိတ်တွေးခေါ်မှုဟာ ဒီမိုကရေစီကိုလုံးပါးပါးစေမှာသာဖြစ်**

ဒီမိုကရက်တစ် တန်ဖိုးတွေ မြင့်မားလာဖို့ဆိုရင် အများပြည်သူရဲ့ ဝေဖန်မှု၊ ဆွေးနွေးပြောဆိုမှုတွေဟာ ပဓာနကျသလို အင်မတန်မှလည်း အရေးပါတယ်။ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်တွေကို ဖော်ထုတ်ဖို့ သာမက ဘယ်ကိစ္စကို အစိုးရတွေက ဦးစားပေး ဖြေရှင်းသင့်တယ်၊ ဘယ်ကိစ္စကို အာရုံစိုက်သင့်တယ် ဆိုတာတွေကို ရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန် သိမြင်နိုင်ဖို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ ဆွေးနွေးမှုတွေဟာ ဒီမိုကရက်တစ် ယဉ်ကျေးမှု မြင့်မားလာဖို့အသက်သွေးကြောတွေပဲ။ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ ဝေဖန်ပိုင်းခြားတဲ့တွေးခေါ်မှုဟာ ဟိုးရှေးခေတ်အေသင်မှာ လိုအပ်တယ်လို့ ဆိုကရေးတီးက ဖော်ထုတ်ခဲ့သလိုပဲ ခေတ်သစ်ဒီမိုကရေစီ မှာလည်း မပြောင်းမလဲ လိုအပ်နေဆဲဖြစ်တယ်။ ဝေဖန်ပိုင်းခြား တွေးခေါ် ခြင်းကနေပဲ ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုကို တစ်နည်းတစ်ဖုံ မြှင့်တင်ပေး တယ်။ ဝေဖန်ပိုင်းခြားသိမြင်မှုမရှိဘဲ တစ်ဖက်ပိတ် တွေးခေါ်မှုဟာ ဒီမိုကရေစီကို လုံးပါးပါးစေမှာသာ ဖြစ်တယ်။

**လူမျိုးစုဒီမိုကရေစီ**

အာဏာရှင်စနစ်တွေတုန်းက နိုင်ငံရေး ယဉ်ကျေးမှုက ဒီမိုကရက်တစ်နိုင်ငံရေးကို တည်ဆောက်ခြင်း လုပ်ငန်းအပေါ် သက်ရောက်တယ်၊ လွှမ်းမိုးမှုရှိတာအမှန်ပဲ။ အာဏာရှင်စနစ်ကို အဆုံးသတ်ပြီးတော့ တောင်အာဖရိကနိုင်ငံဟာ ၁၉၉၄ ခုနှစ်မှာ မတူညီတဲ့ နိုင်ငံရေးအစဉ်အလာတွေ ပေါင်းစည်းပြီးတော့ ဒီမိုကရေစီကိုစတင်ခဲ့တယ်။ လူမျိုးစုဒီမိုကရေစီ (racial democracy) ဆိုတဲ့ပုံစံနဲ့ အာဏာရှင်ခေတ်တုန်းက ဘယ်လိုပဲ ဟန်ဆောင်ခဲ့ပေမဲ့ အသားအရောင်ခွဲခြားရေး ယဉ်ကျေးမှု (apartheid culture)ဟာ ဘယ်လိုမှ ဒီမိုကရေစီ မဖြစ်နိုင်ခဲ့ဘူး။ တော်လှန်ရေးကာလမှာ အသားအရောင်ခွဲခြားရေးအစိုးရကို ထိထိရောက်ရောက် တိုက်ခိုက်ဖို့အတွက် တော်လှန်ရေးလှုပ်ရှားမှုတွေမှာ တော်လှန်ရေးသမားတွေ (လူမည်းတွေ)က ဗဟို ချုပ်ကိုင်မှုစနစ်မျိုးနဲ့ပဲ လုပ်ကိုင်ခဲ့ကြတယ်။ တော်လှန်ရေးကာလတုန်းက ဆုံးဖြတ်ချက်တွေကို ဗဟိုကပဲ အများဆုံးချမှတ်ခဲ့တယ်။ ရန်သူက အကျိုးအမြတ်ရသွားနိုင်တာကြောင့် ဆိုပြီးတော့ တော်လှန်ရေးမှာ ဝေဖန်မှုတွေကို လက်မခံခဲ့ဘူး။ အာဏာရလာတဲ့ နောက်ပိုင်းမှာ ဒီဓလေ့က နိုင်ငံရေး ယဉ်ကျေးမှုကို ဆက်လက်ပြဋ္ဌာန်းတာ တွေ့ရတယ်။ အာဖရိကရဲ့တခြားနိုင်ငံတွေမှာလည်း ခပ်ဆင်ဆင်ပဲ။ အရင်ခေတ်ဟောင်းက နိုင်ငံရေးယဉ်ကျေးမှုက ခေတ်သစ်ကို ပြဋ္ဌာန်းတာတွေရှိတယ်။

**လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့**

နိုင်ငံသားတွေကိုကြည့်မယ်။ အာဏာရှင်စနစ်အောက်မှာ အနေကြာလာတဲ့အခါ ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုနဲ့ အသားကျဖို့အင်မတန် ခက်ခဲတယ်။ ငါနဲ့မတူငါ့ရန်သူ။ ငါထောက်ခံတဲ့သူ မှန်တယ်။ ဒီထက်ဆိုးတာက အစိုးရတွေကို ဝေဖန်ပိုင်းခြားတဲ့အမြင်နဲ့ကြည့်တတ်ဖို့၊ ထောက်ပြတတ်ဖို့ လေ့ကျင့်ပေးရ အင်မတန်ခက်ကုန်တယ်။ ဒါဟာယဉ်ကျေးမှုအဟောင်းက အသစ်အပေါ် ရိုက်ခတ်မှုပဲ။ တောင်အာဖရိက လွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့အာဏာရလာတော့ သူတို့ကို ထောက်ခံသူတွေဟာ အစိုးရရဲ့ အားနည်းချက်တွေကို မျက်စေ့လျှမ်းကုန်ကြတယ်။ အများကြိုက် အသစ်စက်စက် အစိုးရသစ်ကို အခွင့်အရေး ပိုပေးသင့်တယ်လို့ ထင်မြင်ယူဆလာကြတယ်။ လွတ်မြောက်ရေး လှုပ်ရှားမှုကြီးတစ်ခုလုံးနဲ့ နိုင်ငံတော်ကြီးတစ်ခုလုံးကို ထပ်တူလို ရှုမြင်ကြတယ်။ Liberation movements were seen as the embodiment of the nation as a whole. အဲဒီအခါ ဒီမိုကရေစီရဲ့ အရည်အသွေးကစပြီး ထိခိုက်တော့တာပဲ။ ANC အာဏာရယူပြီး အစပိုင်းနှစ်တွေမှာ ထောက်ခံသူတွေဟာ ဝေဖန်ဖို့အတွက် ဆန္ဒမရှိဘဲ တိတ်ဆိတ်နေကြတော့တယ်။

Alarmingly, quite legitimate criticism of the ANC government has been portrayed as disloyal, the critics being labelled racists or enemies of the state. This has often led to the withdrawal of intellectuals from public debate. ANC ကို ဥပဒေနဲ့အညီ ဝေဖန်မှုတွေကို သစ္စာဖောက်မှုလို့ မှတ်ယူကြတယ်။ ဝေဖန်သူတွေဟာ လူမျိုးရေးဝါဒီတွေ နိုင်ငံတော်ရဲ့ရန်သူတွေလို့ တံဆိပ်ကပ်ခံရတယ်။ အဲဒီမှာတင်ပဲ ပညာရှင်တွေ၊ ပညာတတ်တွေ (Intellectuals) တွေက ဝေဖန်မှု၊ ဆွေးနွေးမှုတွေ မလုပ်တော့ဘဲ နောက်ဆုတ်ကုန်ကြတယ်။ ဒီမိုကရေစီတည်ဆောက်ရေးဟာ နစ်နာမှုနဲ့ စကြုံရတော့တယ်။ Mbeki သမ္မတဖြစ်တော့ ANC ထိပ်တန်းခေါင်းဆောင်တစ်ယောက်က သမ္မတအပေါ် အကြွင်းမဲ့ သစ္စာရှိဖို့ မားယွင်းစွာတောင်းဆိုတော့တယ်။ သာမန်လောက် ဝေဖန်မှုတွေကိုတောင် အဲဒီကာလမှာ သည်းမခံတော့ဘူး။ ဒီမိုကရက်တစ်ယဉ်ကျေးမှုက ကျဆုံးလု ဖြစ်ခဲ့တယ်။

သင်ခန်းစာယူစရာတွေ။ ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုကို လွယ်လွယ်ထူထောင်လို့ မရဘူး။ သူက quality democracy ဖြစ်ဖို့ သော့ချက်ကျတယ်။ ခက်ခဲသည်ဖြစ်စေ ကြိုးစားထူထောင်ရမယ်။ အရင်ဆုံးတာဝန်ရှိတာက ခေါင်းဆောင်တွေ။ လူထုကခေါင်းဆောင်တွေ အရိပ်အကဲကိုကြည့်တယ်။ ခေါင်းဆောင်တွေညံ့ရင် လူထုက ညံ့နေဦးမှာပဲ။ ခေါင်းဆောင်တွေ တော်မှ၊ ထက်မြက်မှ၊ သဘောထားမှန်မှ၊ စေတနာမှန်မှ ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုကို ထူထောင်နိုင်မယ်။ ဒီမိုကရေစီ အရည်အသွေးပြည့်နိုင်မယ် ဖြစ်ပါကြောင်း။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၆ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၉၁,၀၂၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၃၁၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၂၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၁,၄၁၇,၀၅၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၉၂၂,၇၂၆) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၆,၄၉၄,၃၂၉) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၂,၀၇၂,၃၆၈) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၈-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၅၉,၉၈၃,၇၅၂) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၀) ခု | (၁၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၂၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၇၅၆) ခု | (၁) ဦး |
| စုစုပေါင်း | (၆,၆၅၁) ခု | (၁၇) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေ (၂၈-၅-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၉၂၂,၇၂၆) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၆,၄၉၄,၃၂၉) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၂,၀၇၂,၃၆၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၁,၄၁၇,၀၅၅) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၉,၉၈၃,၇၅၂) ကြိမ် |

အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ **www. moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၇၁၁၄၄၂ | ၈၂၀၀၅၃၀၃ | ၁၀၃၁၂၅၉ |
| ၂။ | အိန္ဒိယ | ၄၃၁၅၃၀၄၃ | ၄၂၆၁၁၃၇၀ | ၅၂၄၅၈၆ |
| ၃။ | ဘရာဇီး | ၃၀၉၇၆၄၀၆ | ၂၉၉၄၃၀၉၀ | ၆၆၆၄၃၅ |
| ၄။ | ပြင်သစ် | ၂၉၄၆၂၉၉၈ | ၂၈၈၀၉၂၉၂ | ၁၄၈၁၂၉ |
| ၅။ | ဂျာမနီ | ၂၆၂၈၀၂၂၁ | ၂၅၁၃၇၈၀၀ | ၁၃၉၁၃၂ |
| ၆။ | ဗြိတိန် | ၂၂၂၇၇၆၉၆ | ၂၁၉၀၂၃၆၉ | ၁၇၈၄၆၅ |
| ၇။ | ရုရှား | ၁၈၃၂၄၀၃၆ | ၁၇၇၂၉၈၅၁ | ၃၇၈၉၅၅ |
| ၈။ | တောင်ကိုရီးယား | ၁၈၀၈၀၃၂၃ | ၁၇၆၃၄၆၅၅ | ၂၄၁၅၈ |
| ၉။ | အီတလီ | ၁၇၃၇၃၇၄၁ | ၁၆၄၈၅၆၂၄ | ၁၆၆၅၄၂ |
| ၁၀။ | တူရကီ | ၁၅၀၇၀၀၀၀ | ၁၄၉၆၇၀၅၀ | ၉၈၉၅၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၁၇၂၅၁ | ၉၄၄၈၃၅၂ | ၄၃၀၇၈ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၄၄၁၅ | ၅၈၉၄၈၈၉ | ၁၅၆၅၇၄ |
| ၃။ | မလေးရှား | ၄၅၀၂၅၇၉ | ၄၄၄၁၇၀၁ | ၃၅၆၆၀ |
| ၄။ | ထိုင်း | ၄၄၄၂၆၄၈ | ၄၃၆၇၉၃၉ | ၂၉၉၇၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၀၂၅၄ | ၃၆၂၇၃၆၅ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၉၃၃၆၉ | ၁၂၁၂၆၄၄ | ၁၃၈၃ |
| ၇။ | မြန်မာ | ၆၁၃၃၁၅ | ၅၉၂၂၇၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၉၆၅ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၄၈၀၈၉ | ၁၄၆၄၀၆ | ၂၂၃ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |

# ရေနံနှင့် ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်နေမှုကို အမေရိကန် မရပ်တန့်နိုင်တဲ့ အကြောင်းတရားများ

အလင်းသစ်



အမေရိကန်နိုင်ငံ တက္ကဆက် ရေနံလုပ်ငန်းရှင် ဂျက်ဆင်ဟားရစ်ခ်ဟာ ရေနံဈေးနှုန်းတွေ မြင့်တက်လာတဲ့အတွက်ကြောင့် အမြတ်အစွန်းပိုမိုရရှိရေး ရေနံထုတ်လုပ်မှုကို ပိုမိုထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။

ဂျက်ဆင်ဟားရစ်ခ်အနေနဲ့ အဲဒီလို အကောင်းဆုံး ကြိုးပမ်းမှုတွေ လုပ်ဆောင်လျက်ရှိပေမယ့် သူ့ရဲ့ မိသားစုပိုင်ရေနံကုမ္ပဏီဟာ ယခုနှစ်အတွင်းမှာ ရေနံထုတ်လုပ်မှု လျော့ကျဖို့ ရှိနေတယ်လို့ မျှော်လင့်ထားပြီး ယခုနှစ်အတွင်းမှာ ရေနံထုတ်လုပ်မှုလျော့ကျခဲ့မယ်ဆိုရင် သုံးနှစ်ဆက်တိုက် ရေနံထုတ်လုပ်မှု လျော့ကျဖို့လည်း ရှိနေတယ်လို့ မျှော်လင့်ရပါတယ်။

**ဝင်ငွေဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ရ**

ဂျက်ဆင်ဟားရစ်ခ်ရဲ့ Pantera စွမ်းအင်ကုမ္ပဏီဟာ ထုတ်လုပ်မှုအသစ်တွေအတွက် ရင်းနှီးမြှုပ်နှံခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီဖြစ်ပေမယ့် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှာ စွမ်းအင်ဈေးနှုန်းတွေ သိသိသာသာ ကျဆင်းခဲ့ရတာကြောင့်လည်း ဝင်ငွေဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ရတယ်လို့ ဆိုပါတယ်။

လက်ရှိအချိန်မှာတော့ အမေရိကန်နိုင်ငံနဲ့ ကမ္ဘာတစ်ဝန်းက အခြားသောကုမ္ပဏီတွေနည်းတူ ဂျက်ဆင်ဟားရစ်ခ်ဟာလည်း စီမံကိန်းတွေဖြစ်မြောက်ရေးအတွက် ထောက်ပံ့ရေးပစ္စည်းတွေနဲ့ ဝန်းထမ်းသစ်တွေ ရှာဖွေရာမှာ ကြီးမားတဲ့နှောင့်နှေးကြန့်ကြာမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဂျက်ဆင်ဟားရစ်ခ်က သူ့ရဲ့လုပ်ငန်းကနေ တတ်နိုင်သမျှ ရေနံထုတ်လုပ်မှုတွေကို ကြိုးစားပြီးလုပ်ဆောင်သွားဖို့နဲ့ လက်ရှိအချိန်မှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။

အခုဖြစ်ပေါ်နေတဲ့ ကိစ္စဟာ ကမ္ဘာ့အကြီးဆုံး ရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်တဲ့ အမေရိကန်နိုင်ငံမှာ ကြုံတွေ့နေရတဲ့ အကြောင်းခြင်းရာတွေထဲက တစ်ခုပဲဖြစ်ပါတယ်။ လက်ရှိ စွမ်းအင်ဈေးနှုန်းတွေ မြင့်တက်နေခြင်းကြောင့်လည်း ပြည်သူများကို ရိုက်ခတ်မှုတွေ ရှိခဲ့တယ်လို့ သိရပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကနေ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်နိုးထလာချိန်မှာတော့ စွမ်းအင်ဝယ်လိုအား မြင့်တက်လာတဲ့အတွက် ၂၀၂၁ ခုနှစ် နှစ်စပိုင်းမှစတင်ကာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ဈေးနှုန်းတွေဟာလည်း အကြမ်းဖျင်းအားဖြင့် နှစ်ဆ သို့မဟုတ် နှစ်ဆကျော်အထိ ခုန်တက်သွားခဲ့ပါတယ်။

ဒါ့ပြင် ယူကရိန်းစစ်ပွဲကလည်း ရုရှားနိုင်ငံရဲ့ စွမ်းအင်အထောက်အပံ့ကို ရှောင်ဖယ်ဖို့ အနောက်နိုင်ငံတွေအပေါ် တွန်းအားပေးမှုတွေဖြစ်ပေါ်ခဲ့တဲ့အတွက် စွမ်းအင်ဈေးနှုန်းတွေမြင့်တက်မှုကို ပိုမိုအားကောင်းလာစေခဲ့တာဖြစ်ပါတယ်။

အဲဒီလိုဈေးကွက်တောင်းဆိုမှုတွေများပြားလာတဲ့အတွက် အမေရိကန်နိုင်ငံရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ယခုနှစ်အတွင်း တစ်ရက်လျှင် စည်ပေါင်းတစ်သန်းခန့် ပိုမိုတိုးမြှင့်ထုတ်လုပ်လိမ့်မယ်လို့ ခန့်မှန်းထားကြတာ ဖြစ်ပါတယ်။

**လုံလောက်မှာ မဟုတ်**

ဒါပေမယ့် အမေရိကန်ရဲ့ ထုတ်လုပ်မှုဟာ ၁၀ ရာခိုင်နှုန်းအောက်မှာသာ ရှိနေတာဖြစ်တဲ့အတွက် ဝယ်လိုအား မြင့်တက်မှုကို ဖြည့်စွမ်းပေးဖို့ လုံလောက်မှာမဟုတ်ဘူးလို့လည်း သိရပါတယ်။ အမေရိကန်နိုင်ငံရဲ့ ရေနံထုတ်လုပ်မှုဟာ ၂၀၁၄ ခုနှစ်အတွင်းက ၂၀ ရာခိုင်နှုန်းအထိ ခုန်တက်ခဲ့ပေမယ့် ရေနံဈေးကွက်အရှုပ်တော်ပုံကြောင့် ရေနံဈေးကွက်ကို တည်ငြိမ်အောင် ပြန်လည်ထိန်းသိမ်းရေး တုံ့ပြန်မှုတွေလုပ်ဆောင်နိုင်ဖို့ အလှမ်းဝေးခဲ့ရပါတယ်။

အဲဒီလို မတုံ့ပြန်နိုင်ခဲ့မှုတွေကြောင့်လည်း စက်ပစ္စည်းကိရိယာများနှင့် ကုန်ကျစရိတ်မြင့်တက်မှု၊ ဝန်ထမ်းများရှားပါးမှုတို့ဒဏ်ခံခဲ့ရတဲ့ကုမ္ပဏီတွေကို ဂယက်ရိုက်စေခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်တဲ့အနေနဲ့ ရုပ်ကြွင်းလောင်စာများ ထုတ်လုပ်မှုကို ရှောင်ရှားဖို့ ကမ္ဘာ့နိုင်ငံတွေက ကြိုးပမ်းနေတဲ့အတွက် ရေနံနဲ့ သဘာဝဓာတ်ငွေ့ ဘယ်လောက် လိုအပ်မလဲဆိုတာနဲ့ စပ်လျဉ်းပြီး ရင်းနှီးမြှုပ်နှံသူတွေကလည်း ကာလရှည်ကြာ မေးခွန်းထုတ်မှုတွေ ပြုလုပ်လာတာဖြစ်ပါတယ်။

**လုပ်ငန်းတွေ နှောင့်နှေးနေခဲ့ရ**

Lone Star ရေနံရှာဖွေရေးကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးဖြစ်တဲ့ မိုက်ဝင့်ဒ်ကလည်း သူ့ရဲ့ကုမ္ပဏီမှာ စီမံကိန်းသစ်တွေ အများအပြားရှိနေပေမယ့် ကုန်ကျစရိတ်မြင့်တက်မှုတွေနဲ့ လုပ်ငန်းအတွက် လိုအပ်တဲ့သံမဏိပိုက်တွေကိုလိုသလောက် မရရှိခဲ့တာကြောင့် လုပ်ငန်းတွေ နှောင့်နှေးနေခဲ့ရကြောင်း ပြောကြားခဲ့ပါတယ်။

ရေနံတူးဖော်ရေး လုပ်ငန်းတွေကိုတော့ တတ်နိုင်သမျှ အမြန်ဆုံးလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ ရောင်းလိုအားနဲ့ ဝယ်လိုအား ပြဿနာတွေရှိနေတာကြောင့် ဈေးကွက်ကို အဟန့်အတားဖြစ်စေခဲ့တယ်လို့ မိုက်ဝင့်ဒ်က ပြောကြားခဲ့ပါတယ်။

ဒါ့ပြင် မြောက်အမေရိကမှာရှိတဲ့ ကုမ္ပဏီတွေဟာ မကြုံစဖူးသော စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့လည်း စွမ်းအင်စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုအင်စတီကျုမှ ရေနံနဲ့ သဘာဝဓာတ်ငွေ့ဆိုင်ရာ လေ့လာသုံးသပ်သူ ထရေးကိုဝန်က ပြောကြားခဲ့ပါတယ်။

မိုက်ဝင့်ဒ်ရဲ့ကုမ္ပဏီ ကဲ့သို့သော ပုဂ္ဂလိကကုမ္ပဏီငယ်များစွာဟာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု တိုးမြှင့်ဖို့ တွန်းအားပေးမှုတွေရှိနေစဉ်မှာ ကုမ္ပဏီကြီးတွေဟာလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာရပ်တွေနဲ့ ရင်ဆိုင်နေရတာဖြစ်ပြီး အပိုထုတ်လုပ်ခြင်းထက် အစုရှယ်ယာရှင်တွေရဲ့ ပေးချေမှုအပေါ်မူတည်ပြီး ဦးစားပေးရွေးချယ်လုပ်ဆောင်နေရတာ ဖြစ်ပါတယ်။

နိုင်ငံရေးနယ်ပယ်မှာ ဆိုရင်လည်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ၎င်းရဲ့ မဲဆွယ်စည်းရုံးမှုအတွင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို တားဆီးပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကူးပြောင်းရေး အရှိန်မြှင့်လုပ်ဆောင်ကာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်မယ်လို့ ကတိပြုခဲ့တာကြောင့် အမေရိကန်နိုင်ငံမှာ ဂျိုးဘိုင်ဒင်ရဲ့ ကတိကဝတ်နဲ့ ဟန်ချက်ညီမလားဆိုတာကလည်း စိုးရိမ်မှုတွေ မြင့်တက်နေတယ်လို့ သိရပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ တောင်းဆိုမှုတွေရှိနေပေမယ့် အောင်မြင်မှု လက္ခဏာကတော့ အနည်းငယ်သာရှိသေးတာဖြစ်ပါတယ်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နဲ့ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အပါအဝင် အနောက်နိုင်ငံ ခေါင်းဆောင်တွေဟာ ဆော်ဒီအာရေဗျနဲ့ အခြားသော ရေနံထုတ်လုပ်သူတွေဆီကနေ အကူအညီ တောင်းဆိုထားပေမယ့် အဲဒီရေနံထုတ်လုပ်သူတွေအနေနဲ့ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေမပါဘဲ ရှိရင်းစွဲအရင်းအမြစ်တွေကနေ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စွမ်းဆောင်ရည်ရှိဖို့ လိုတယ်လို့ လေ့လာသုံးသပ်သူတွေက ပြောကြားထားပါတယ်။

**ပြန်လည်စတင်ခဲ့**

အမေရိကန်၊ ဆော်ဒီအာရေဗျနဲ့ ရုရှားပြီးရင် ရေနံထုတ်လုပ်မှုစတုတ္ထအကြီးဆုံးဖြစ်တဲ့ ကနေဒါနိုင်ငံမှာဆိုရင် လစ်ဘရယ်အစိုးရက ဥရောပသို့ သဘာဝဓာတ်ငွေ့တင်ပို့နိုင်ရေးအတွက် ကာလရှည်ကြာ ရပ်နားထားတဲ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်းများ ထွက်ပေါ်လာရေး ဆွေးနွေးပွဲသစ်တွေကိုပြန်လည်စတင်ခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် နိုင်ငံရေးသမားတွေနဲ့ စက်မှုလုပ်ငန်းသမားတွေဟာ ဥရောပကို ရေနံနဲ့ သဘာဝဓာတ်ငွေ့နဲ့ ကယ်တင်ရမယ်ဆိုတဲ့ အယူအဆကို အခုချိန်မှာ တကယ်လက်တွေ့လုပ်ဆောင်နေပြီဖြစ်တယ်လို့ EcoJustice မှ ရှေ့နေ ဂျိမ်းစ်ဂွန်ဗယ်ဒန်ကလာယာဆန်က ပြောကြားခဲ့ပါတယ်။

လက်ရှိအနေအထားအရ မိမိတို့ဟာ ၂၀ ရာစုဖြေရှင်းနည်းတွေကိုသာ အသုံးပြုနေတဲ့အတွက် အဲဒီဖြေရှင်းနည်းတွေဟာအလုပ်မဖြစ်ဘူးဆိုတာကိုလည်း မိမိတို့သိရှိပြီးဖြစ်တယ်လို့ ဂျိမ်းစ်ဂွန်ဗယ်ဒန်ကလာယာဆန်က ပြောကြားခဲ့ပါတယ်။

ဥပမာအားဖြင့် Pieride သဘာဝဓာတ်ငွေ့ဆိပ်ကမ်းဟာ ၂၀၂၇ ခုနှစ်အထိ သဘာဝဓာတ်ငွေ့တင်ပို့ဖို့ အဆင်သင့်ဖြစ်ဦးမှာမဟုတ်ဘဲ လက်ရှိဖြစ်ပေါ်နေတဲ့ အကျပ်အတည်းကိုသာ ဖြေရှင်းဖို့ လုပ်ဆောင်နေရတယ်လို့ ဂျိမ်းစ်ဂွန်ဗယ်ဒန်ကလာယာဆန်က ပြောကြားခဲ့ပါတယ်။

မည်သို့ပင် ဆိုစေကာမူ ဥရောပ၊ ကနေဒါနဲ့ အမေရိကန်တို့မှာ စွမ်းအင်လုံလောက်မှုရှိစေနိုင်မယ့် နည်းလမ်းကတော့ ရေရှည်တည်တံ့တဲ့ စွမ်းအင်အရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်စေရေးက အဓိကဖြစ်တယ်လို့လည်း ဂျိမ်းစ်ဂွန်ဗယ်ဒန်ကလာယာဆန်က ပြောကြားခဲ့ပါတယ်။

**ကိုးကား-ဘီဘီစီ**

# နီပေါနိုင်ငံ၌ ၂၂ ဦး လိုက်ပါသည့်လေယာဉ်တစ်စင်း ပျောက်ဆုံး

**ခတ္တမန္ဒူ မေ ၂၉**

နီပေါနိုင်ငံတွင် ယနေ့အစောပိုင်းက ၂၂ ဦး လိုက်ပါလာသည့် လေယာဉ်တစ်စင်းပျောက်ဆုံးသွားကြောင်း နီပေါလေကြောင်းလိုင်းက ပြောကြားသည်။

အဆိုပါလေယာဉ်သည် နိုင်ငံ၏ အနောက်ပိုင်း ပိုခါရာမြို့မှ ဒေသစံတော်ချိန်နံနက် ၉ နာရီ ၅၅ မိနစ်ခန့်က ထွက်ခွာခဲ့ပြီးနောက်မကြာမီ လေယာဉ်အသွားအလာထိန်းချုပ်မှုစင်တာနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

ပိုခါရာမြို့မှ ဂျွမ်ဆွမ်မြို့သို့ ဦးတည်ထွက်ခွာသည့် ပြည်တွင်းလေကြောင်းလိုင်းမှ အဆိုပါလေယာဉ်သည် လေဆိပ်မှ ထွက်ခွာခဲ့ပြီးနောက် မကြာမီအတွင်း အဆက်အသွယ်ပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း တာရာလေကြောင်းလိုင်းကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ ဆူဒါရှန်ဘာတော်လာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၁၉ ဦးနှင့် လေယာဉ်အမှုထမ်း သုံးဦးတို့လိုက်ပါသွားကြောင်း သိရသည်။

**ရှာတွေ့နိုင်ရန် အလားအလာနည်းပါး**

ရှာဖွေရေးလုပ်ငန်းအတွက် ရဟတ်ယာဉ်နှစ်စင်းကို ဖြန့်ကြက်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖာနင်ဒရာမာနီပိုခါရယ်လ်က ပြောကြားသည်။ သို့သော် ရာသီဥတုဆိုးရွားမှုကြောင့် ယင်းလေယာဉ်ကို ရှာတွေ့နိုင်ရန် အလားအလာနည်းပါးသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ရာသီဥတုဆိုးရွားမှုကြောင့် ရှာဖွေရေးလုပ်ငန်းကို အဟန့်အတားဖြစ်စေတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဘာမှမမြင်ရတဲ့အတွက် လေယာဉ်ရှာတွေ့ဖို့ အလားအလာလည်း အလွန်နည်းပါးပါတယ်" ဟု ပိုခါရယ်လ်က ဆိုသည်။

ဂျွမ်ဆွမ်မြို့သည် ဟိမဝန္တာတောင်တန်းဒေသရှိ ရေပန်းစားသော ခြေကျင်တောင်တက်ခရီးကြမ်းနေရာတစ်ခုဖြစ်ပြီး ပိုခါရာမြို့မှ လေယာဉ်ဖြင့် မိနစ် ၂၀ ခန့်ကြာမြင့်သည့်နေရာတွင် တည်ရှိသည်။ ပိုခါရာမြို့သည် မြို့တော် ခတ္တမန္ဒူမြို့၏ အနောက်ဘက်တွင် တည်ရှိသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# မြောက်ကိုရီးယားနိုင်ငံ၌ အဖျားရောဂါတွေ့ရှိသူအရေအတွက် သိသိသာသာလျော့ကျလာ

**ဆိုးလ် မေ ၂၉**

မြောက်ကိုရီးယားနိုင်ငံ၌ အဖျားရောဂါတွေ့ရှိသူအရေအတွက် သိသိသာသာ လျော့ကျလာကြောင်းနှင့် ရောဂါကူးစက်မှုများကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ပြီဖြစ်ကြောင်း မြောက်ကိုရီးယား ထိပ်တန်းတာဝန်ရှိသူများက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ အတွင်း အဖျားရောဂါတွေ့ရှိမှုနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားထိပ်တန်းခေါင်းဆောင်များက ယနေ့ ဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုများကို ကောင်းမွန်စွာ ကိုင်တွယ်ထိန်းချုပ်နိုင်သည့်အတွက် ရောဂါကူးစက်မှုနှုန်းများလည်း သိသိသာသာ လျော့ကျလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ခေါင်းဆောင်ကင်ဂျုံအန်ဦးဆောင်သည့် အဆိုပါအစည်းအဝေး၌ နိုင်ငံတစ်ဝန်း ကပ်ရောဂါထိန်းချုပ်ရေး အခြေအနေ တိုးတက်ကောင်းမွန်လာစေရန် အပြုသဘောဆောင်သည့် အကဲဖြတ်မှုများကို လုပ်ဆောင်ပြီး ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

မေ ၂၉ ရက်တွင် အဖျားရောဂါစစ်ဆေးတွေ့ရှိသူ ၈၉၅၀၀ ရှိပြီး သေဆုံးသူတစ်ဦးမျှမရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်သည် လွန်ခဲ့သော ၁၁ ရက်က တွေ့ရှိမှု လေးသိန်းနီးပါးထက် အရေအတွက်များစွာ လျော့ကျသွားသည်ကို တွေ့ရှိရသည်။

မေ ၂၈ ရက်တွင် အဖျားရောဂါတွေ့ရှိသူ ၈၈၅၂၀ တွေ့ရှိရပြီး အဖျားရောဂါတွေ့ရှိသူဦးရေ တစ်သိန်းအောက် ပထမဆုံးအကြိမ် ကျဆင်းလာကြောင်း သိရသည်။

ရောဂါကူးစက်မှုနှုန်း လျော့ကျစေရန်ရည်ရွယ်ပြီး နိုင်ငံအတွင်း၌ ခရီးသွားလာမှုကန့်သတ်ချက်များ ချမှတ်ကာ အရေးပေါ်အခြေအနေ ကြေညာထားကြောင်း သိရသည်။

သို့သော် ကာကွယ်ဆေးအပါအဝင် ဆေးဘက်ဆိုင်ရာပစ္စည်းထောက်ပံ့မှုများ ပြတ်လပ်နိုင်ဖွယ်ရှိသည့်အပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။




လက်ရှိတွင် ပြည်သူ ၂၅ သန်းရှိသည့်အနက် ၃ ဒသမ ၃၆ သန်းသည် အဖျားရောဂါ ကူးစက်ခံထားရကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား၊ ၃၇ ဦးအနည်းဆုံးသေဆုံး

**ရီယိုဒီဂျနေးရိုး မေ ၂၉**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ၃၇ ဦး အနည်းဆုံးသေဆုံးပြီး ၅၀၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်များက ဆိုသည်။

နိုင်ငံ၏ အရှေ့မြောက်ပိုင်း ပြည်နယ် ပါနမ်ဘူကိုမြို့တော် ရီဆဖ်သည် ရေကြီးမှုဒဏ်ကို အဆိုးရွားဆုံးခံစားရပြီး ၃၅ ဦး သေဆုံးကာ ဒေသခံ ၁၀၀၀ ခန့်သည် နေရပ်စွန့်ခွာနေရကြောင်း သိရသည်။



အာလာဂိုစ် ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် နှစ်ဦးသေဆုံးပြီး ဒေသခံပြည်သူ ၄၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားရသည်။

ထို့ပြင် ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်သော မြေပြိုမှုများကြောင့် ရီဆဖ်ပြည်နယ်၌ ၂၀ သေဆုံးခဲ့ပြီး ကာမာရာဂီပြည်နယ်၌ ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ရီဆဖ်ပြည်နယ်၌ မိုးရေချိန် ၁၅၀ မီလီမီတာရှိပြီး ကာမာရာဂီပြည်နယ်၌ မိုးရေချိန် ၁၂၉ မီလီမီတာဖြင့် မိုးရေချိန်အများဆုံး စံချိန်တင်ခဲ့သည်။

၂၀၂၁ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံသည် ပူပြင်းခြောက်သွေ့မှုကို ဆိုးရွားစွာခံစားခဲ့ရပြီး အဆိုပါနှစ်နှောင်းပိုင်းမှသာလျှင် မိုးသည်းထန်စွာ ရွာသွန်းမှုများရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အသံထက်ပိုမြန်သော ခရုဇ်ဒုံးကျည်ကို ရုရှား ထပ်မံ စမ်းသပ်ပစ်လွှတ်

**မော်စကို မေ ၂၉**

ရုရှားနိုင်ငံက အသံထက်ပိုမြန်သော ခရုဇ်ဒုံးကျည်ကို ဘာရန့်ပင်လယ်ပြင်အတွင်း၌ ယမန်နေ့က အောင်မြင်စွာ ထပ်မံစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ပြောသည်။

အဆိုပါ Tsirkon ခရုဇ်ဒုံးကျည်ကို Gorshkov ဖရီးဂိတ်သင်္ဘောမှ ပစ်လွှတ်ခဲ့ပြီး ၁၀၀၀ ကီလိုမီတာ ဝေးကွာသော ပင်လယ်ဖြူအတွင်းရှိ ရေတပ်ပစ်မှတ်ကို ထိမှန်ခဲ့ကြောင်းနှင့် ယင်းဒုံးကျည်သည် ဒီဇိုင်းရေးဆွဲထားသည့် သတ်မှတ်ချက်များအတိုင်း ကိုက်ညီမှုရှိကြောင်း သိရသည်။

Tsirkon ခရုဇ်ဒုံးကျည်ကို Gorshkov ဖရီးဂိတ်သင်္ဘောနှင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတို့မှ အကြိမ်ကြိမ်စမ်းသပ်ပစ်လွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ Tsirkon ခရုဇ်ဒုံးကျည်သည် အသံထက် ကိုးဆပိုမိုမြန်ဆန်ပြီး ကီလိုမီတာ ၁၀၀၀ အကွာအဝေးရှိ ပစ်မှတ်ကိုထိမှန်နိုင်ကြောင်း သမ္မတ ဗလာဒီမာ ပူတင်က ဆိုသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၂၈ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၂၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၂၈ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၅၃၀၄၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၅၈၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၀၈၇ ဦးရှိကြောင်း သိရသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၃၅ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံ များမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၆၁၁၃၇၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၄၅ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၂၉**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၄၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၅၀၂၅၇၉ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါ ကူးစက်ခံရသူများအနက် တစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၆၄၄ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း နှစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၆၆၀ ရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၁၈၀၉ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူပေါင်း



၄၄၄၁၇၀၁ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၅၂၁၈ ဦးရှိပြီး ယင်းတို့အနက် ၃၄ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၁၇ ဦး သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၂ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝ ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၀ | ၂၅၄၀ |
| 95 Ron | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၄၀ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၇၀ | ၂၅၈၅ | ၂၆၉၀ |
| HSD (50 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၁၅ | ၂၇၂၅ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၁၅ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၁ | ၂၁၄၆ |
| 95 Ron | ၂၁၈၀ | ၂၂၅၈ |
| HSD (500 ppm) | ၂၁၇၈ | ၂၂၅၁ |
| HSD (50 ppm) | ၂၂၀၅ | ၂၂၇၉ |
| HSD (10 ppm) | ၂၂၀၅ | ၂၂၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဝင်ပေါက်အနီး၌ လက်လုပ်မိုင်း နှစ်လုံး ပေါက်ကွဲခဲ့၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့မှု မှတ်တမ်း။

■ ကျောဖုံးမှ

ထိန်းသိမ်းထားရှိသည့် စာရေးခုံနှင့် ထိုင်ခုံတွဲဆက်ထားသည့် ထိုင်ခုံ အစုံ ၆၀၊ စာရေးခုံ အစုံ ၄၀၊ ဗီရိုအကြီး ငါးလုံး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်၂၃၁ သိန်းခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့အတူ မေ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြောက်ရွာရပ် အာဇာနည်လမ်းပေါ်ရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားနိုင်မှုအခွင့်အရေးများ ဆုံးရှုံးမှုများဖြစ်ပေါ်စေရန် ရည်ရွယ်၍ ပညာသင်ကြားမှုများပေးလျက်ရှိသည့် စာသင်ကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများနှင့် မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းတို့ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့ (ဃ)ရပ်ကွက်နေ ဇော်ဝင်းထွန်း(ခ) ပုညို (၄၀)နှစ်သည် ၎င်းအသုံးပြုသည့် “Zaw Win Htun” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရပ်ကွက်နေ မိုးမခ(ခ) စလေမန် (၁၆)နှစ်သည် ၎င်းအသုံးပြုသည့် “Sa Lay Man” Facebook အကောင့်၊ ပေါင်းတည်မြို့ တောင်ပိုင်းရပ်ကွက်နေ မိုးချမ်းမြေ့ခင် (၁၆)နှစ်သည် ၎င်းအသုံးပြုသည့် “Moe Chan Myae Khin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူတို့အား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပန်းအိပ်မက်တို့ကို ရှင်သန်စေသူ စာရေးဆရာမကြီး “မစန္ဒာ”

၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီးဦးမောင်မောင်လတ် (နောင်)၊ ဆရာကြီးဦးစိန်လှိုင် (သူရဇော်)နှင့် ဆရာမကြီး ဒေါ်ချိုချိုတင်(မစန္ဒာ)တို့ ချီးမြှင့်ခံခဲ့ရပါသည်။ အမျိုးသားစာပေတစ်သက်တာဆုရရှိသူ ၃၄ ဦးတွင် ဆုရရှိခဲ့သူအမျိုးသမီးစာရေးဆရာမ လေးဦးရှိခဲ့ပြီး ယင်းတို့မှာ ဆရာမကြီးဒေါ်ရင်ရင် (စောမုံညင်း)၊ ဆရာမကြီးဒေါ်ကြန် (မကြန်)၊ ဆရာမကြီးဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)နှင့် ဆရာမကြီးဒေါ်ချိုချိုတင် (မစန္ဒာ)တို့ ဖြစ်ကြသည်။

တင်တင်ဝင်း (စာပေဗိမာန်)

ဆရာမကြီး ခင်ဆွေဦးနှင့် ဆရာမကြီး မစန္ဒာတို့သည် မြန်မာရသစာပေခရီး၌ ဘဝသရုပ်ဖော်ဝတ္ထုအရေးအဖွဲ့ကျွမ်းကျင်သော ထင်ရှားကျော်ကြားသည့် ဆရာမကြီးများဖြစ်သည်။

လူ့သမိုင်းအစကပင် ပုံပြောခြင်းအလေ့ထွန်းကားခဲ့ပြီး ထိုမှ ပုံဝတ္ထုများ ပေါ်ပေါက်လာခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀ ကျော် ဝတ္ထုဟူသော စာပေအသွင် ပေါ်ထွန်းခဲ့သည့်အချိန်မှသည် ယခုမျက်မှောက်ခေတ်အထိ ဝတ္ထုများကို စာဖတ်ပရိသတ်တို့ နှစ်ခြိုက်စွာဖတ်ရှုခဲ့ကြသည်။

မြန်မာစာပေတွင် ဝတ္ထု၊ ကဗျာ၊ ပြဇာတ် စသည့် ရသစာပေပုံသဏ္ဌာန်များ၌ ဝတ္ထုသည် စာဖတ်ပရိသတ် အနှစ်သက်ဆုံးဖြစ်ပြီး စာဖတ်ပရိသတ်အပေါ်တွင် ဩဇာထက်မြက်စွာ သက်ရောက်မှုရှိသည်။ ဝတ္ထုသည် ဘဝအတွက် ပျော်ရွှင်စရာ၊ နှစ်သိမ့်စရာ၊ စိတ်ခွန်အားဖြင့်တင်ရာ၊ အတွေ့အကြုံသင်ခန်းစာများ ရဖွယ်ရာဟု နှစ်သက်ဖွဲ့လမ်းစွာ ခံစားဖတ်ရှုကြသည်။ အနုပညာဟူသည် ခေတ်ကို ပေါ်လွင်စွာ ထင်ဟပ်လျက် သမိုင်းရေစီးကိုလည်း မှတ်တမ်းပြုသည်။ သမိုင်းရွေ့လျားကာ ခေတ်အဆက်ဆက် ပြောင်းသွားသော်လည်း အနုပညာကမူ ဆက်လက်ရှင်သန်လျက် ကျန်ရစ်သည်ဟု ဆိုနိုင်ပါသည်။ စာပေအနုပညာတွင် ရှင်သန်ကျန်ရစ်သော လက်ရာများအား ရေးဖွဲ့သူများကိုလည်း ခံစားသူပရိသတ်က အကဲခတ်မှတ်ကျောက်တင်ကြသည်။ ဆရာမ မစန္ဒာ၏လက်ရာများမှာ ပရိသတ်၏ မှတ်ကျောက်တင်မှုကိုခံရပြီး ဖတ်ရှုသူတို့၏ ရင်တွင်းသို့ နက်ရှိုင်းစွာ နစ်ဝင်ခဲ့ကာ မြန်မာစာဖတ်ပရိသတ်ကို လွှမ်းမိုးခဲ့သည်။

ဆရာမသည် ဟာသဉာဏ်ရွှင်၍ သရော်စာအရေးအဖွဲ့မျိုးဖြင့် သွက်သွက်ရေးတတ်သူဖြစ်သည်။ ရေးဖွဲ့သော ဇာတ်ကောင်များ၏စရိုက်မှာ အမြဲလှုပ်ရှားသက်ဝင်နေတတ်သည်။ ခေတ်သမိုင်းပြောင်းလဲမှု အမျိုးမျိုးကြားထဲက လူ့ဘဝအထွေထွေကို ပီပြင်အောင်တင်ပြရေးဖွဲ့သည်။ ဘတ်စ်ကားစပယ်ယာ၊ ပျံကျဈေးသည်၊ မှောင်ခိုတန်းစီသူ စသည်ဖြင့် ဘဝသရုပ်ဖော်ဝတ္ထုများကို ခေတ်နှင့်လိုက်လျောညီထွေစွာ တွေးဆပုံဖော်သည်။ ခေတ်သရုပ်ကို သရော်သည်။ မတရားမှုကိုလည်း ဝေဖန်သည်။ အမှန်တရားကို ဖွင့်ဟသည်။ စိတ်ကောင်းစေတနာဖြင့် တည့်မတ်အကြံပြုသည်များလည်း ရှိသည်။





## ဆရာမ၏ ဘဝနှင့်စာပေခရီး

ဆရာမ မစန္ဒာကို အဘ ဦးထွန်းတင် (စာရေးဆရာကြီးမန်းတင်)၊ အမိ ဒေါ်သန်းတင်တို့က ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။

၁၉၅၃ ခုနှစ်မှစ၍ ရန်ကုန်မြို့၊ မြို့မအမျိုးသမီးအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် စက်မှုတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဗိသုကာဘွဲ့ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဗိသုကာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မူလဘဝရည်မှန်းချက်မှာ ဆရာဝန်ဖြစ်ရန် ရည်မှန်းခဲ့သော်လည်း အမှတ်မမီသဖြင့် စက်မှုတက္ကသိုလ်သို့ တက်ရောက်ခဲ့ရသည်။

၁၉၆၅ ခုနှစ် အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပါဝင်ခဲ့သော “ကျွန်မဆရာမ” ဝတ္ထုကိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ထို့နောက် မဂ္ဂဇင်းများတွင် ဝတ္ထုတိုများကို ကြိုးစားရေးသားခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ပထမဆုံးလုံးချင်းဝတ္ထုဖြစ်သော “ငယ်သူမို့မသိပါ” ဝတ္ထုကို ရေးသားပြီး စာပေလောကစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဒုတိယလုံးချင်းစာအုပ်ဖြင့် “ဂျီဟောသူ” ဝတ္ထုကို ထုတ်ဝေခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် “ကွက်လပ်ကလေး ဖြည့်ပေးပါ” နှင့် “စိမ်းရွှက်သစ်တဝေဝေ” လုံးချင်းဝတ္ထုရှည်ကို ဆက်လက်ရေးသားခဲ့သည်။





မဂ္ဂဇင်းဝတ္ထုတို/ရှည် ပေါင်း ၂၀၀ ကျော်ကို ရေးသားခဲ့ပြီး လုံးချင်းဝတ္ထု ၁၃ အုပ်နှင့် ဝတ္ထုလတ်လေးပုဒ်ကိုလည်း ရေးသားခဲ့ပြီးဖြစ်ပါသည်။ မဂ္ဂဇင်းဝတ္ထုတိုများကို စုပေါင်း၍ အမှတ်(၉)အထိ ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ရေးသားခဲ့သော ဝတ္ထုတို/ရှည် အချို့နှင့် လုံးချင်းဝတ္ထုအချို့ကို နိုင်ငံခြားဘာသာများသို့ ပြန်ဆိုခဲ့ကြသည်။

ထင်ရှားသောဝတ္ထုများမှာ “ငယ်သူမို့ မသိပါ”၊ “ဂျီဟောသူ”၊ “နှင်းဆီ”၊ “ဘဝအိပ်မက် ပန်းအိပ်မက်”၊ “အရိပ်”နှင့် “ဆဋ္ဌဂံ”တို့ ဖြစ်ကြသည်။ ၂၀၁၉ ခုနှစ်တွင် မဂ္ဂဇင်းများ၌ ရေးသားခဲ့သော ဝတ္ထုတို ၁၀၀ ကိုစုစည်း၍ “၂၀ ရာစုဝတ္ထုတိုများ” စာအုပ်ကို ထုတ်ဝေခဲ့သည်။ လုံးချင်း ၁၃ အုပ်အနက် ၁၁ အုပ်မှာ ရုပ်ရှင်အသွင်သို့ ကူးပြောင်းခဲ့ပါသည်။ ရုပ်ရှင်အသွင်ကူးပြောင်းသော ဝတ္ထုများမှာလည်း အကယ်ဒမီဆုများ ရရှိသည်အထိ အောင်မြင်ခဲ့သည်။



စာရေးဆရာမကြီး မစန္ဒာ

ထုတ်ဝေခဲ့သော စာအုပ်များအနက် ၁၉၉၄ ခုနှစ်တွင် “ဘဝအိပ်မက် ပန်းအိပ်မက်” စာအုပ်ဖြင့် အမျိုးသားစာပေ (ဝတ္ထုရှည်) ဆု၊ ၁၉၉၉ ခုနှစ်တွင် “ဝတ္ထုတိုများ (၃)” စာအုပ်ဖြင့် အမျိုးသားစာပေ (ဝတ္ထုတိုပေါင်းချုပ်)ဆု၊ ၂၀၀၁ ခုနှစ်တွင် “ဆဋ္ဌဂံ” စာအုပ်ဖြင့် အမျိုးသားစာပေ (ဝတ္ထုရှည်) ဆု၊ ၂၀၀၆ ခုနှစ်တွင် “ပန်းပွင့်ခရေနှင့် အခြားဝတ္ထုတိုများ” စာအုပ်ဖြင့် အမျိုးသားစာပေ (လူငယ်) ဆု စုစုပေါင်း အမျိုးသားစာပေဆု လေးကြိမ်ရရှိခဲ့ပြီး ဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။

ခင်ပွန်းဖြစ်သူမှာ ဗိသုကာ ဦးစန်းမောင်ဖြစ်ပြီး သားသမီးနှစ်ဦး ထွန်းကားသည်။

## စာပေလက်ရာများ

ဆရာမသည် ဖခင်ဖြစ်သူ စာရေးဆရာကြီးမန်းတင်ကို အားကျလျက် ဖခင်၏ခြေရာကို နင်းခဲ့သူဖြစ်ပါသည်။ ဖခင်၏ “ဆွေးပွေအင်” ဝတ္ထုလေးကို ဖတ်ရှုပြီး စာရေးခြင်းအနုပညာကို စိတ်ဝင်စားလာခဲ့သည်။ ဖခင်ဖြစ်သူက တရုတ်စာရေးဆရာကြီး ချင်ချိယန်၏ဝတ္ထုကို ဘာသာပြန်ချိန်၌ ဖခင်ဒေါ်ပေးသမျှကို လိုက်ရေးရင်း ဝတ္ထုတစ်ပုဒ်ကို မည်သို့စသည်။ မည်သို့ရေးရမည်ကို နားလည်သွားခဲ့သည်ဟု အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ပါသည်။

၁၉၉၄ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိသော ဆရာမ၏ “ဘဝအိပ်မက် ပန်းအိပ်မက်” ဝတ္ထုရှည်သည် ကနဦးရိုက်တိုက်တစ်လုံးတွင် လာရောက်နေထိုင်ကြသော အိမ်ထောင်စုလေးစု၏ ဘဝဇာတ်ကြောင်းကို ခြယ်မှုန်းထားသော ဝတ္ထုဖြစ်သည်။

“ငွေကြေးချမ်းသာ၍ ကပ်စေးနည်းကာ သားသမီးများ ပြည်ပတွင် အခြေကျနေကြပြီး အခြားသူများကို အပေါင်းအသင်းမလုပ်လိုသော၊ ကင်ဆာရောဂါဖြင့် ဘဝနိဂုံးချုပ်ရတော့မည့် ဇာတ်ဆောင်ဦးဘပွားသည် ထိုတိုက်ရှိ အိမ်နီးချင်း မိသားစုမှကလေးများကို သံယောဇဉ်တွယ်ရာမှ ဘဝအမြင်ပြောင်းလာပြီး အရာရာတွင် ငွေနှင့်ဆုံးဖြတ်၍မရပုံနှင့် သေခြင်းတရားကိုပါ ရင်ဆိုင်ရဲသောစိတ်ဓာတ်ရှိလာပုံကို ဝတ္ထုရေးသူက ကျွမ်းကျင်စွာ ရေးဖွဲ့နိုင်သည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးနှင့် ဘဝအမြင်မှန်ကန်ရေးကို နူးညံ့သိမ်မွေ့စွာ တွန်းအားပေးထားသောကြောင့် အမျိုးသားစာပေဆုချီးမြှင့်သည်”ဟု အမျိုးသားစာပေ (ဝတ္ထုရှည်) ဆု အဖွဲ့ငယ်က မှတ်ချက်ပြုထားပါသည်။


“ဘဝအိပ်မက် ပန်းအိပ်မက်အတွင်းက အိမ်ထောင်စုလေးစုရဲ့ စရိုက်နဲ့ ခပ်ဆင်ဆင်လူတွေဟာ ကျွန်မတို့ပတ်ဝန်းကျင်မှာ အများကြီးရှိနေပါတယ်။ အဲဒီလို မြန်မာဆန်တဲ့ လူနေမှုပတ်ဝန်းကျင်တစ်ခုကို ရေးဖွဲ့တည်ဆောက်တဲ့အခါ အဲဒီစရိုက်အသီးသီးကို ဖွဲ့စည်းပေးလိုက်ခြင်းအားဖြင့် ကျွန်မတို့မြန်မာတွေရဲ့ စိတ်နေစိတ်ထားနဲ့ သဘောသဘာဝတွေကို အတန်အသင့် ပုံဖော်ပြီးသားဖြစ်သွားမယ်လို့ ထင်ပါတယ်။ ...” ဟု ဘဝအိပ်မက်ပန်းအိပ်မက်စာအုပ်နှင့် စပ်လျဉ်း၍ ၁၉၉၄ ခုနှစ် အောက်တိုဘာလထုတ် ကလျာမဂ္ဂဇင်းတွင် ဆရာမိုးသက်ဇော်နှင့် အင်တာဗျူးရာ၌ ဖော်ပြထားပါသည်။

စာမျက်နှာ ၁၇ သို့ ✻

> **ဆရာမသည် ဟာသဉာဏ်ရွှင်၍ သရော်စာအရေးအဖွဲ့မျိုးဖြင့် သွက်သွက်ရေးတတ်သူဖြစ်သည်။ ရေးဖွဲ့သောဇာတ်ကောင်များ၏စရိုက်မှာ အမြဲလှုပ်ရှားသက်ဝင်နေတတ်သည်။ ခေတ်သမိုင်းပြောင်းလဲမှုအမျိုးမျိုး ကြားထဲက လူ့ဘဝအထွေထွေကို ပီပြင်အောင်တင်ပြရေးဖွဲ့သည်။ ခေတ်သရုပ်ကို သရော်သည်။ မတရားမှုကိုလည်း ဝေဖန်သည်။ အမှန်တရားကို ဖွင့်ဟသည်။ စိတ်ကောင်းစေတနာဖြင့် တည့်မတ်အကြံပြုသည်များ လည်းရှိ**

ကြေးမုံ စာအုပ်စင်

## ဂုဏ်ထူးဦးအောင်ခိုင်၏ ဘဝအကြောင်း တစေ့တစောင်း စာအုပ်




နေပြည်တော် မေ ၂၉

မိတ်ဆက်ပေးချင်တဲ့စာအုပ်ကတော့ အင်္ဂလိပ်စာဆရာ ဂုဏ်ထူးဦးအောင်ခိုင်ရဲ့ "ဘဝအကြောင်း တစေ့တစောင်း" စာအုပ်ပဲဖြစ်ပါတယ်။ ဒီစာအုပ်ကို ခင်ချို့ထွန်းစာပေကထုတ်ဝေပြီး စာအုပ်တန်ဖိုး ကျပ် ၅၀၀၀ သတ်မှတ်ထားပါတယ်။

ဒီစာအုပ်ထုတ်ဝေရခြင်းရဲ့ အဓိကရည်ရွယ်ချက်က "ကျေးဇူးတရားကို အလေးထားတဲ့ လူ့ယဉ်ကျေးလူ့ဘောင်တစ်ခုကို လက်ဆင့်ကမ်းပေးထားခြင်း" ဖြစ်ပြီး စာရေးသူရဲ့ ဘဝသက်တမ်းတစ်လျှောက် ကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ အကြောင်းအရာတွေကို စုစည်းပြီး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအဖြစ် ရန်ကုန်တက္ကသိုလ်တမ်းချင်း၊ မွေးနေ့အမှတ်တရ ဘဝမှတ်တမ်း၊ ကျေးဇူးကြီးမား ဆရာသမားများ ဂါရဝတရားထား၊ ပညာဟူသည် မြတ်ရွှေအိုး၊ ဂုဏ်ထူးဦးအောင်ခိုင်အတုချောင်းသာခရီး၊ စည်းစနစ်ကျန စင်ကာပူအလှ၊ ကျွန်တော်နဲ့ အမေရိကား၊ ထူးထူးခြားခြား မှတ်မှတ်ထင်ထင် အပါအဝင် ဘဝမှတ်တမ်း ၂၁ ပုဒ်ကို ကြည်နူး၊ နှစ်သက်၊ ပျော်ရွှင်၊ ချမ်းမြေ့၊ လွမ်းမောဖွယ်ဖြစ်အောင်(ကရုဏာရသ၊ ဟဿရသ၊ သန္တရသတွေ ခံစားရအောင်)တင်ပြထားတဲ့အပြင် သရုပ်ဖော်ပန်းချီနဲ့ ဓာတ်ပုံတွေကိုပါ ဝေဝေဆာဆာ ထည့်ပေးထားတာမို့ စာဖတ်သူအနေနဲ့ ကျေနပ်နှစ်သက်ပြီး ဖတ်ရကျိုးနပ်ပါလိမ့်မယ်။

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နဝမအကြိမ်မြောက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း




ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ နဝမအကြိမ်မြောက် ဆန်၊ ဆီစားဖွယ်များ လှူဒါန်းပွဲ ကို မေ ၂၅ ရက်မှ ၃၀ ရက်အထိ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အလွှာ(၁၀)လွှာမှ လိုအပ်နေသော ရုပ်ရှင်ဗီဒီယို လောကသားများသည် သတ်မှတ်ထားသော နေ့အလိုက် လာရောက်လက်ခံကြသည်။ မေ ၂၅ ရက်တွင် အဓိကသရုပ်ဆောင်၊ ဒါရိုက်တာ၊ ဗီဒီယို၊ အုပ်ချုပ်/ဖြန့်ချိ အလွှာများအားလည်းကောင်း၊ မေ ၂၆ ရက်တွင် ထုတ်လုပ်သူ၊ ဓာတ်လမ်း/ဓာတ်ညွှန်း၊ တည်းဖြတ်/မှတ်တမ်း၊ ရုပ်ရှင်ပြဇာတ်နှင့် နောက်ခံတေးဂီတအလွှာတို့အား လည်းကောင်း၊ မေ ၂၇ နှင့် ၂၈ ရက်တို့တွင် စက်မှုအခြေခံ အလွှာအားလည်းကောင်း၊ မေ ၂၉ နှင့် ၃၀ ရက်တို့တွင် ဓာတ်ပို့/ဓာတ်ရုံ အခြေခံ အလွှာတို့အား ရုပ်ရှင်အစည်းအရုံးက ဆန်၊ ဆီ၊ ကုလားပဲ၊ ငါးသေတ္တာ၊ ဆားတို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပရဟိတအဖွဲ့အစည်းများဖြစ်သော မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာ၊ ကြယ်ပွင့်လေးများ ကလေးသရုပ်ဆောင်ပရဟိတအဖွဲ့၊ ကိုခန့်(ခန့်စည်သူ)တို့အဖွဲ့၊ ဒေါက်တာချစ်ထိုက် မြန်မာနှလုံးသားဖောင်ဒေးရှင်း၊ တေးသံရှင်သရုပ်ဆောင် ဒေါက်တာအောင်ကျော်မိုးနှင့် ဒေါ်ညိုညိုဦး မင်္ဂလာမေ အမျိုးသမီးပရဟိတအဖွဲ့တို့က လာရောက်လှူဒါန်းသည်။

ထို့ပြင် ဒေါက်တာအောင်မိုးဝင်း သွားနှင့်ဆေးခန်းကလည်း အခမဲ့ကုသကျန်းမာရေး စောင့်ရှောက်ပေးသည်။ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တာဝန်ရှိသူများနှင့် ရုပ်ရှင်သရုပ်ဆောင်များက လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**


✲ စာမျက်နှာ ၁၆ မှ

ဘဝအိပ်မက် ပန်းအိပ်မက်ဝတ္ထုအဖွင့်တွင် "ကွယ်လွန်အနိစ္စရောက်ခြင်းသည် ဤကမ္ဘာ ဤလောက ဤသံသရာကြီးတွင် သက်ရှိသတ္တဝါတိုင်း မလွဲမသွေရင်ဆိုင်ရမည့် အရိုးစင်းဆုံးသောကိစ္စတစ်ရပ်ဖြစ်လေသည်။ အရေးကြီးသည်ကား လူ့ကမ္ဘာသို့ရောက်လာသော လူသားတစ်ဦးသည် သူ့အသက်ရှင်စဉ်ကာလတွင် ဘာတွေကိုတွေး၍ ဘယ်လိုခံယူကာ ဘယ်လိုပြောဆိုလှုပ်ရှားနေထိုင်သွားသည်ဟူသော အချက်သာဖြစ်သည်။ လူတစ်ဦးချင်းသည် သူ၏တန်ဖိုးကို သူ၏လုပ်ရပ်ဖြင့် ဘဝဇာတ်ခုံတွင် တင်ဆက်၍ သက်သေပြသွားကြမြဲဖြစ်လေသည် ..." ဟု စာအုပ်၏ Message ကို မိတ်ဆက်ပေးခဲ့ပါသည်။

၁၉၉၉ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆုရရှိသည့် "ဝတ္ထုတိုများ ၃" စာအုပ်သည် ဆရာမ၏ဝတ္ထုတို ၁၅ ပုဒ်ကို စုစည်းထုတ်ဝေထားသည့် စာအုပ်ဖြစ်သည်။ ဝတ္ထုတိုများသည် အဆင့်အတန်းမြင့်သည်။ လူ့သဘာဝကို စာရေးသူက ကောင်းစွာမြင်တတ် သုံးသပ်တတ်သည်။ အရေးအသားရှင်းသည်။ လိုရင်းကို ရှင်းလင်းပေါ်လွင်အောင် ဖော်ပြသည်။ ဝတ္ထုတိုမှန်သမျှတွင် ရသဖြင့်ထုံမွမ်းလျက် ဝတ္ထုတိုအင်္ဂါရပ်နှင့် ညီညွတ်ကိုက်ညီသည်ဟု အမျိုးသားစာပေ (ဝတ္ထုရှည်) ဆုအဖွဲ့ငယ်က မှတ်ချက်ပြုထားပါသည်။

ယင်းဝတ္ထုတိုများတွင် "ဦးခက်၊ ဒေါ်သက်နှင့် အရပ်ထဲက လူများအကြောင်း"၊ "အဘိုးကြီးနှစ်ယောက်ရှိလေသည်"၊ "အဘွားကြီးနှစ်ယောက်ရှိလေသည်"၊ "မြန်မာအမျိုးသမီးနှစ်ယောက် ရှိလေသည်"၊ "စုန်ရေ၊ ဆန်ရေ"၊ "မန်ကျည်းကိုးပင်"၊ "ဆင္ဒမမြောက်ရန်သူ" စသည်ဖြင့် ကျွန်မတို့ ပတ်ဝန်းကျင်ကလူများ၊ ခံစားချက်များ၊ အဖြစ်အပျက်များကို စာနာစိတ်ဖြင့် ထပ်တူပြုခံစားရေးဖွဲ့ထားသည့်အတွက် စာဖတ်ပရိသတ်ကလည်း နှစ်သက်ခဲ့ကြသည်။

၂၀၀၂ ခုနှစ်တွင် အမျိုးသားစာပေဝတ္ထုရှည်ဆုရရှိခဲ့သည့် ဆရာမ၏ "ဆင္ဒဂံ" စာအုပ်မှာ ကွဲပြားသောဘဝ၊ ခြားနားသောစရိုက်တို့ဖြင့် မတူညီသော ပတ်ဝန်းကျင်ထဲတွင် လှုပ်ရှားနေကြသော ကိုယ်ဝန်ဆောင်အမျိုးသမီးခြောက်ဦးတို့၏ ဘဝများကို သက်ဝင်စွာ သရုပ်ဖော်ရေးဖွဲ့ထားသည့် ဝတ္ထုဖြစ်သည်။ ဝတ္ထု၏အဖွင့်တွင် "ကျွန်မကို ကိုးလလွယ်ကာ ဆယ်လတွင်မွေးဖွားပေးခဲ့သော ကျေးဇူးရှင်မိခင်နှင့်တကွ အခြားအခြားသော မိခင်များအား ဤ "ဆင္ဒဂံ" ဝတ္ထုဖြင့် ဂုဏ်ပြုပူဇော်ပါ၏။" ဟု ဝတ္ထု၏ရည်ရွယ်ရင်းကို ရေးသားထားပါသည်။










၂၀၀၆ ခုနှစ်တွင် အမျိုးသားစာပေ (လူငယ်ဘာသာရပ်) ဆုရရှိခဲ့သည့် "ပန်းပွင့်ခရေနှင့် အခြားဝတ္ထုများ" စာအုပ်မှာ မဂ္ဂဇင်းဝတ္ထုရှည်လေးပုဒ်ကို စုစည်းထုတ်ဝေထားသည့် စာအုပ်ဖြစ်သည်။ "ပန်းပွင့်ခရေနှင့် အခြားဝတ္ထုများ" စာအုပ်သည် ကလောင်လက်နက်ဖြင့် လူကုန်ကူးမှုကို တိုက်ဖျက်ထားပါသည်။ ဤကဲ့သို့ တိုက်ဖျက်ရာတွင် တဲ့တိုးကြီးလည်းမရေး၊ ပညာပေးသက်သက်လည်း ပုံမဖော်၊ မလျော်ကန်သည့် လူကုန်ကူးမှု အနိဋ္ဌာရုံကို ဖတ်ရှုသူက နှလုံးနာရှုတ်ချလာစေရန် အနုပညာဖြင့် သရုပ်ဖော်ပါသည်။ ယင်းသို့ စာပန်းချီခြယ်ရာတွင် အမျိုးသမီးငယ် (လူငယ်) တို့၏ စရိုက်ကို စာနာဖွယ်ရာ၊ မြတ်နိုးဖွယ်ရာထား၍ အမျိုးသမီးငယ်ထုတစ်ရပ်လုံးကို သိမြင်နားလည်စေပါသည်။ လူကုန်ကူးမှုကြောင့် နစ်မွန်းရသော ဘဝ၏ငရဲခန်းမှ ရုန်းထွက်ရေးကိုလည်း လမ်းပြထားသည်။ ထို့ပြင် လူငယ်ဟူသည် အနာဂတ်အတွက် အားသစ်၊ လူငယ်သည်ဘဝ၏အားမာန်၊ အရာရာစွမ်းဆောင်နိုင်ပုံကိုလည်း ရေးဖွဲ့ထားသည်။ လူငယ်စိတ်ဓာတ်ကို အပြုသဘောဖြင့် ထွက်ပေါက်ပေးထားနိုင်သည်သာမက နိုင်ငံတော်၏ "လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာမူဝါဒ" ကို ဖော်ဆောင်နိုင်သဖြင့် အမျိုးသားစာပေဆုချီးမြှင့်ခြင်းဖြစ်သည်ဟု အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက မှတ်ချက်ပြုခဲ့ပါသည်။

ဆရာမ၏ "အရိပ်" ဝတ္ထုသည် စာဖတ်ပရိသတ်၏ အသည်းနှလုံးကို ဆွဲကိုင်လှုပ်သည်။ ယင်းဝတ္ထုကို ရုပ်ရှင်အဖြစ်တစ်ကြိမ်၊ ရုပ်မြင်သံကြားဇာတ်လမ်းအဖြစ် နှစ်ကြိမ်ရိုက်သောအခါ၌လည်း နှစ်ကြိမ်လုံးအောင်မြင်သည်။ အမာညို၊ ကျော်ထွန်းညို၊ ညီလင်းညို၊ ပေါက်ကျိုင်း၊ သက်သက်၊ စုလှိုင် စသည့်ဇာတ်ကောင်များနှင့်အတူ ကျွန်မတို့အားလုံး မျောပါသွားခဲ့ကြသည်။ အရိပ်ဝတ္ထုအတွင်းမှ ဇာတ်ဆောင်မင်းသမီး ပြောသွားခဲ့သည့် "လှတဲ့နှလုံးသားက လှတယ်၊ အရုပ်ဆိုးတဲ့ နှလုံးသားက အရုပ်ဆိုးတယ်၊ သူ့နှလုံးသားရဲ့အရိပ်ဟာ သူ့ဘဝမှာ လာပြီးထင်ဟပ်တယ်လေ၊ တချို့အရိပ်တွေက သိပ်လှတယ်၊ တချို့အရိပ်တွေကတော့ အရုပ်ဆိုးတယ်ကွယ်"ဟူသော စကားစုလေးက ဖတ်ရှုသူတိုင်း၏ ရင်ထဲတွင် စွဲကျန်ရစ်ခဲ့သည်။ ဘဝတွင် လှပသည့်နှလုံးသားရှိဖို့နှင့် လှပသည့် အရိပ်များသာထင်ဟပ်ရန် ကြိုးစားလိုသည့်လူငယ်များ တိုးပွားလာခဲ့သည်။

ဆရာမ၏ "တိမ်ဖုံးပါလို့ လမသာ" ဝတ္ထုကို ဒါရိုက်တာ ဦးဝင်းဖေက "ပန်းသီတဲ့ကြိုး" အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့ရာ အောင်မြင်ခဲ့သည်ကို မှတ်မိပါသည်။ ပညာထူးချွန်သည့် ဆင်းရဲသားဆရာဝန်လေး ကိုကိုသည် မိမိဆေးရုံဝင်းအတွင်း တာဝန်ကျသည့် လက်သမားဖခင်ကို သူငယ်ချင်းများရှေ့တွင် ရှောင်ကွင်းခဲ့မိသော်လည်း ဖခင်ဖြစ်သူက နေ့လယ်ကအဖြစ်ကို မသိယောင်ဆောင်လျက် "သား ..လာလေ..၊ ထမင်းစားပြီးခဲ့ပြီလားသား .." ဟု အိမ်အပြန်ဆီးကြိုပုံမှာ ဖတ်ရှုသူတိုင်း မျက်ရည်စို့ရသည်။ ထို့ပြင် ဇာတ်ဆောင် ခင်ဦး က "ငွေအတွက်များ ကိုကို့ကို ရောင်းစားရမှာလား၊ ကိုကိုက မုန့်ဟင်းခါးမို့လို့လား" ဟု ပြောစကားဖြင့် ရေးသားသရုပ်ဖော်မှုမှာ ထိမိလှသည်။

ဆရာမ မစန္ဒာ၏ စက်မှုတက္ကသိုလ်ကျောင်းသူဘဝ အမှတ်တရရေးဖွဲ့သည့် "ဂျီဟောသူ" ဝတ္ထုကို အထူးသဖြင့် လူငယ်များ နှစ်သက်သဘောကျကြသည်။ အဆောင်နေကျောင်းသူတို့ဘဝ၊ စွယ်တော်ရွက်ကလေးများ၊ ၁၈ ရာစုမှန်ပြောင်း၊ ကျောင်းနှစ်ပတ်လည်ပွဲ စသည့်အကြောင်းအရာတို့က စက်မှုတက္ကသိုလ်ကျောင်းသို့ တက်ရောက်နိုင်ရန် စာကြိုးစားချင်စိတ်ကို နှိုးဆွပေးခဲ့ပါသည်။ ထိုစဉ်က ဆရာမနှင့် ခေတ်ပြိုင်စက်မှုတက္ကသိုလ်ကျောင်းဆင်း စာရေးဆရာများဖြစ်ကြသည့် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာ နွမ်ဂျာသိုင်းနှင့် ဆရာမ မြင့်ခိုင်တို့ကလည်း ရသစာပေနယ်သို့ စတင်ဝင်ရောက်နေပြီ ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”
### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**ပညာရေးဝန်ကြီးဌာန**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ



ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် မေ ၂၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိသတ်မှတ်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘ၊ အုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကို တစ်ပါတည်းထောက်ပံ့ပေးအပ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ယနေ့အထိ ကျောင်းအပ်နှံသူ ၄၅၄၄၅၉၉ ဦးရှိပြီး ကျောင်းများ၏လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စားသုံးဆီဖူလုံပိုလျှံရေးအတွက် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မေ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ထနောင်းကွင်းကျေးရွာအနီးရှိ ဆဒ္ဒန်ရေလှောင်တမံသို့ရောက်ရှိပြီး ဆည်ရေဝင်ရောက်မှုနှင့် တမံကြွခိုင်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စလင်းမြို့နယ် မြောက်ရှားတောကျေးရွာ တောင်သူ ဦးခင်မောင်လွင်၏ မိုးနေကြာစံပြစိုက်ခင်းသို့ရောက်ရှိပြီး မိုးနေကြာစံပြစိုက်ခင်းနှင့် နမ်းနေကြာသီးညှပ်စိုက်ခင်းများကို လိုက်လံကြည့်ရှုအားပေးကာ တောင်သူများနှင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန (မျိုးစေ့ဌာနခွဲ) ပွင့်ဖြူမျိုးသန့်စိုက်ပျိုးရေးခြံတွင်လည်းကောင်း ဒေသရေမြေနှင့် ကိုက်ညီသည့် နေကြာမျိုးသန့်များ အသုံးပြုနိုင်ရေး၊ တောင်သူများအတွက် ဝင်ငွေအကျိုးအမြတ်ရှိစေမည့် အထွက်နှုန်းရရှိရေး သွင်းအားစုအပါအဝင် လိုအပ်ချက်များ ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးကွက်လိုအပ်ချက်ရှိနေပြီး တောင်သူအကျိုးအမြတ်ပိုမိုရရှိစေမည့် သီးနှံအထွက်နှုန်း ရရှိစေရေးအတွက် မျိုးနှင့် နည်းပညာအပါအဝင် ပညာပေး



ဆောင်ရွက်ကြစေလိုကြောင်းမှာကြားပြီး တောင်သူများအား နေကြာမျိုးသန့်မျိုးစေ့များ ပေးအပ်၍ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ စိုက်ပျိုးရေးသိပ္ပံ(ပွင့်ဖြူ)သို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကိုတွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်ကျွမ်းကျင်သူများ၊ အဆင့်မြင့်ပညာရှင်များ လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာရပ်များ သင်ကြားပို့ချပေးခြင်းသာမက တွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းမြင့်မားသည့် အသိပညာဖွံ့ဖြိုးရေးကိုပါ အလေးထားပို့ချပေးကြစေလိုကြောင်း၊ ကျောင်းဆင်းမောင်မယ်တိုင်းက စွမ်းရည်ပြည့်ဝနှလုံးလှသည့် လူတော်လူကောင်းများအဖြစ် အနာဂတ်လယ်ယာကဏ္ဍတွင် ထူးချွန်စွာတာဝန်ယူနိုင်ကြစေရေး မျှော်မှန်းဆောင် ရွက်ကြစေလိုကြောင်း မှာကြား၍ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အလားတူ ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာအုပ်စု တောင်သူ ဦးမျိုးညွန့်ဦး၏ နွေနှမ်းစံပြစိုက်ခင်းကိုကြည့်ရှုအားပေးသည်။ ထို့နောက် မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်တွေ့ဆုံ၍ ရေ၊ မြေ၊ ဒေသနှင့် ကိုက်ညီသည့် မျိုးသန့်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီပိုလျှံရေးအတွက် ဆီထွက်အများဆုံးသီးနှံဖြစ်သည့် နေကြာသီးနှံတိုးချဲ့ စိုက်ပျိုးနိုင်ရေး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ အထွက်ကောင်းပြီး အရည်အသွေးမြင့်မားသော အကျိုးအမြတ်အများဆုံးရရှိမည့်မျိုးများကို ထိရောက်စွာ သုတေသနပြု ထုတ်လုပ်နိုင်ရေး စိုက်ပျိုးရေးနှင့် တောင်သူပညာပေး ဆောင်ရွက်မည့်အစီအစဉ်များကို တွေ့ဆုံဆွေးနွေးသည်။

**သတင်းစဉ်**

# အင်းစိန် လူထုအခြေပြုဇာတ်ဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် မေ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) နှင့် စာရေးဆရာများနှင့် စာပေချစ်မြတ်နိုးသူများအသင်း သို့မဟုတ် မြို့နယ်စာပေဥယျာဉ်အသင်း (Book Club)တို့ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို မေ ၂၈ ရက် မွန်းလွဲပိုင်းက လူထုအခြေပြုဇာတ်ဟိုဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာ မောင်နွယ်မြင့် (စာပေဗိမာန်ဆုရ)ရေးသားသည့် သံမဏိနှလုံးသားစာအုပ်၊ စာရေးဆရာ တော်မြင့် (ငှက်ဖျား) ရေးသားသည့် လူးဝစ်ပါချာ ဘာသာပြန်စာအုပ်၊ စာရေးဆရာမ တက္ကသိုလ်မြမဉ္ဇူရေးသားသည့် ပြစ်မျိုးလွတ်ကင်းချစ်ခြင်းကုဋေစာအုပ်နှင့် စာရေးဆရာမ ခင်ခင်လှရေးသားသည့် မုဒိတာပန်းခင်းသို့လျှောက်လှမ်းခြင်း စာအုပ်တို့မှအကြောင်းအရာများကို စာရေးဆရာများဖြစ်ကြသည့် လှမိုးနိုင်၊ မောင်မောင်ဝင်းမြင့် (မှုခင်း)၊ သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ ဝင်းနွယ် (ပုသိမ်)၊ အရာခံဗိုလ်သစ်လွင် (ငြိမ်း)၊ စိန်ညီမြင်း (ထန်းတပင်) တို့က ဆွေးနွေးကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# သီးနှံစားသုံးသူ

ဆရာမဲဇာ

“ဒီနာနတ်သီးဟာ သကြားရည်စိမ်ထားသလား မသိဘူး၊ သိပ်ချိုတယ်” ကျွန်တော့် မိတ်ဆွေ နိုင်ငံခြားသားက မှတ်ချက်ပေး၏။

“သဘာဝအတိုင်းချိုတာပါဗျာ။ ဒို့နိုင်ငံမှာ ဒါမျိုးတွေ အများကြီးပဲ”

ညှော်ခန်းမှာထိုင်ရင်း ညှော့်ခံသော နာနတ်သီးကို စားရင်း ကျွန်တော်တို့နှစ်ယောက် ငြင်းနေကြပါသည်။

နောက်နေ့နံနက်တွင် ကျွန်တော် ပုဏ္ဏားကျွန်းမြို့က ဈေးတန်းထဲသွားပြီး နာနတ်သီးတွေ ဝယ်ကာ ညှော့်သည်ကို ခွဲကျွေးလိုက်၏။

“မင်းရှေ့မှာတင်ခွဲတာနော်၊ ဘာသကြားမှ မပါပါဘူး”

ကျွန်တော်တို့နှစ်ယောက် ပုဏ္ဏားကျွန်းနာနတ်ကို မြိန်ရေရှက်ရေစားကြသည်။ မမေ့နိုင်သော အရသာပင်။

မန္တလေးကိုရောက်လျှင်လည်း မန္တလေးဈေးချိုထဲတွင် နာနတ်သီးအမျိုးမျိုး ရနိုင်၏။ ပုံစံတစ်မျိုးနှင့် ထူးခြားစွာချိုသော မြစ်ကြီးနားနာနတ်သီးကို အိမ်အပြန်လက်ဆောင် ဝယ်ခဲ့ရသေး၏။

**အစိမ်းရောင်ရှိတုန်းမှာစားမှ အရသာရှိ**

ရှမ်းမြောက်ပိုင်းသို့သွားလျှင်မူ သီပေါနှင့် လားရှိုးကြား နာနတ်ခင်းများမှာ တစ်မျှော်တစ်ခေါ်။ သီပေါနာနတ်မှာလည်း အလွန်ချို၏။

“ဒါကျွန်တော်တို့ရွာကထွက်တဲ့ နာနတ်သီးပါ ဆရာ။ အစိမ်းရောင်ရှိတုန်းမှာစားမှ အရသာရှိပါတယ်။ ဝါသွားရင် အရသာပျက်တယ်”

တပည့်ဖြစ်သူ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းသားက ရွာထွက်နာနတ်သီး လက်ဆောင်ပေးခဲ့၏။ နာနတ်သီးဆို ချိုပြီးသားဟုပင် ယုံမှားရလောက်၏။

ထိုကဲ့သို့ စိမ်းနေတုန်းစားရသော နာနတ်သီးမျိုးကို တိုက်ကြီးမြို့အထွက် သစ်သီးဆိုင်များတွင် ရဖူး၏။ စင်ကာပူနာနတ်ဟု ခေါ်တွင်လေသည်။ ရခိုင်က နာနတ်ကဲ့သို့ အစိမ်းရောင်ရှိချိန်စားမှ ချိုလေသည်။

ကျွန်တော်က နာနတ်သီးကြိုက်သူ။ ငယ်ငယ်ကတော့ မိဘတွေက နာနတ်သီးမှည့်ကို ပျားရည်နှင့် ဆမ်း၍ ကျွေးကြ၏။ သန်ကောင်တွေကျအောင်ဟု ဆိုကာ ကျွေး၏။ “ပျားရည်နှင့် ဝမ်းချသည်” ဟု ဆိုရမည်လား။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နယ်က နာနတ်သီးကမူ အချိုလေး၏။ အခြားနာနတ်သီးများနှင့် မတူ၊ အရသာကွဲပြားမှု အနည်းငယ်ရှိလေသည်။ မကြာခင်က ပြင်ဦးလွင်မှာ စားရသော နာနတ်သီးကမူ ထုံးစံအတိုင်း ချိုမြ၍နေလေသည်။

ငယ်ငယ်ကရသည့် မုန့်ဖိုးနှင့် ကိုယ်ဝယ်စားရသော နာနတ်သီး တစ်မျိုးရှိသေး၏။ ဒါးပိန် ထုံးကြီးဘက်မှ နာနတ်သီးလေးများပင် ဖြစ်ပါသည်။ သေးသော်လည်း ချို၏။ ကလေးတို့အတွက် လက်လှမ်းမှီ၏။

တစ်ချိန်က ပြည်တွင်းပြည်ပ ဟိုတယ်များတွင် အရသာကောင်းသော သစ်သီးများကို အမြဲရ၏။ သစ်သီးကောင်းများကိုရွေး၍ ကျွေးတတ်သော စားဖိုမှူးများကို ချီးကျူးခဲ့ဖူး၏။ ယခုတော့ မဟုတ်ပေ။ ပြည်တွင်းပြည်ပ မည်သည့်ဟိုတယ်သွားသွား နာနတ်သီးချိုချို မရနိုင်ချေ။ တစ်ခုခုတော့ ပြောင်းလဲသွားသည်မှာ အမှန်ပင်။

**သစ်သီးဆိုင်များ အလျှံပယ် တွေ့ခဲ့ရ**

တစ်ခါက အိန္ဒိယနိုင်ငံ မာဂလာယာပြည်နယ် ရှီလွန်မြို့ကို ရောက်သွား၏။ အာသံပြည်နယ် ဂေါဟတီမြို့မှ ရှီလွန်မြို့အထိ လမ်းတစ်လျှောက်လုံးတွင် သစ်သီးဆိုင်များ၌ နာနတ်သီး၊ ပိန္နဲသီးများကို အလျှံပယ် တွေ့ခဲ့ရလေသည်။ ရှီလွန်မြို့ရောက်တော့လည်း နာနတ်သီးချိုချိုများကို အားရပါးရ စားခွင့်ရခဲ့သည်။



- စိမ်းနေတုန်းစားရသော နာနတ်သီးမျိုးကို တိုက်ကြီးမြို့အထွက် သစ်သီးဆိုင်များတွင်ရဖူး၏။ စင်ကာပူနာနတ်ဟု ခေါ်တွင်လေသည်။ ရခိုင်က နာနတ်ကဲ့သို့ အစိမ်းရောင်ရှိချိန်စားမှချို
- မြန်မာပြည်ထဲသို့ ယိုးဒယားသဘော်သီးများ ရောက်လာ၏။ စိုက်ကြ၊ ရောင်းကြ။ နောက်ထပ် ထိုင်ဝမ်သီးဟုခေါ်သော သဘော်သီးအကြီးကြီးများကို ဈေးကွက်ထဲတွင် တွေ့နေရ၏။ မြန်မာသဘော်သီးဆိုသောအရာကိုမူ ပုပ္ပားရွာနှင့် ပန်းတောင်းမြို့တို့တွင်သာ ရှာဖွေ၍တွေ့ရ

ကျွန်တော်တို့၏ အစည်းအဝေးတွင် “ရေဖူလုံရေး” ကို အဓိကထား ဆွေးနွေးကြရင်းနှင့် “စားနပ်ရိက္ခာဖူလုံရေး” ခေါင်းစဉ်လည်းတွဲဖက်၍ ပါလာလေသည်။ တကယ်တော့ “ရေဖူလုံရေး”၊ “စားနပ်ရိက္ခာဖူလုံရေး” နှင့် “စွမ်းအင်ဖူလုံရေး” သုံးခုသည် ဆက်စပ်နေပြီး အနာဂတ်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုကိုရရှိရန် မရှိမဖြစ်လိုအပ်နေသော အခြေခံပင်ဖြစ်ပါသည်။

ပညာရှင်ကြီးတို့သည် လုပ်ငန်းအကြီးအကျယ် စဉ်းစားကြပါ၏။ အိန္ဒိယသမုဒ္ဒရာတွင် တောင်အာရှနိုင်ငံများ၏ “ရေဖူလုံရေး”၊ မြန်မာ-ထိုင်း တို့ပါသော BIMSTEC နိုင်ငံများ၏ ရေဖူလုံရေး၊ အနာဂတ် Free Trade လွတ်လပ်စွာ ကုန်သွယ်မှုကိစ္စများလည်း ပါဝင်၏။

ကျွန်တော်တို့ ပညာရှင်ကလေးများအုပ်စုကမူ စားနပ်ရိက္ခာဖူလုံရေးအတွက် ဒေသတွင်း စုပေါင်းဈေးကွက်ဖော်ဆောင်နိုင်ရေးကို ဘေးထွက်ပစ္စည်းအနေဖြင့် ဆွေးနွေးတင်ပြခဲ့ကြလေသည်။

“တို့တစ်တွေ သစ်သီးနိုင်ငံရေးလုပ်ကြရင် မကောင်းဘူးလား” ကျွန်တော်က အကြံပေါ်လာသမျှ တင်ပြမိ၏။

“မင်းက ဘာကိုဆိုလိုတာလဲ”

အားလုံးက ဝိုင်း၍ မျက်လုံးပြူးကာ မေးကြ၏။ အစည်းအဝေးထဲတွင် မြန်မာ၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံများနှင့်အတူ အိန္ဒိယနိုင်ငံမှ ညီအစ်မခုနစ်ဖော်ဟုခေါ်သော မဏိပူရ၊ ဆစ်ကင်း၊ အာရူနာချာပရာဒေ့ရှ်၊ မီဇိုရမ်၊ အာသံနှင့် နာဂလင်း(ဒ်)မှ ကိုယ်စားလှယ်များ မာဂလာယာပြည်နယ်၏ ရှီလွန်တို့တွင် စုဝေးရောက်ရှိနေချိန်ဖြစ်ပါ၏။

**နိုင်ငံအသီးသီးမှ မျိုးကောင်းအာလူးများ**

မြန်မာနိုင်ငံတွင် အာလူးအမျိုးမျိုးထွက်၏။ ရှမ်းပြည်နယ်သည် အာလူးထွက်ကုန်အတွက် နာမည်ကြီး၏။ ယခုနိုင်ငံခြားမျိုး အာလူးအလုံးကြီးများပင် စိုက်ပျိုးထွက်ရှိ၏။ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ဘက်မှ အာလူးအလုံးသေးလေးများမှာ လူကြိုက်များ၏။ အရသာရှိ၏။ ထိုကဲ့သို့ပင် ကျွန်တော်တို့ စုဆုံရာဒေသတွင်း နိုင်ငံအသီးသီးမှ မျိုးကောင်းအာလူးများ ထွက်ရှိ၏။ တစ်နိုင်ငံချင်းရောင်း၍ မကုန်လျှင်ပင် ဒေသအတွင်း အာလူးဈေးကွက်ကို ကမ္ဘာ့နိုင်ငံများအကြား ထင်ရှားအောင် ဝိုင်းလုပ်၍ ဖြစ်နိုင်၏။

ဤဒေသတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများစွာကွဲပြားသလို နိုင်ငံရေးစနစ်များ၊ ယုံကြည်ချက်များသည်လည်း ကွဲပြားကြ၏။ ကွဲပြားခြားနားမှုကိုကြည့်၍ နိုင်ငံရေးလုပ်ခြင်းထက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အလုပ်များကို လက်တွဲလုပ်ကြခြင်းဖြင့် တစ်ပြိုင်နက်တိုးတက်မှုကို ဖော်ဆောင်၍ ရမည်ထင်၏။

“Potato Politics – အာလူးနိုင်ငံရေး” လို့ပဲ ဆိုကြပါစို့။

သံတမန်တွေကမူ “Potato Diplomacy” အာလူးအခြေခံ သံတမန်ဆက်သွယ်ရေးဟု ဆိုချင်ကြ၏။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဒါကာမြို့ပြင်ထွက်လိုက်သည်နှင့် ပိန္နဲသီးများ၊ ထန်းသီးများ တောင်လိုပုံနေ၏။

“မင်းတို့နိုင်ငံမှာ ပိန္နဲသီးခြောက် ထုတ်လုပ်ရောင်းချသလား” ဟု ကျွန်တော့်အမေးကို ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်က မဖြေနိုင်။

မြန်မာပြည်ဈေးကွက်သို့ ယခင်က ထိုင်းနိုင်ငံထွက် ပိန္နဲသီးခြောက်များ၊ ဒူးရင်းသီးခြောက်များ လွှမ်းမိုး၏။ ယခုအခါတွင်မူ ဗီယက်နမ်နိုင်ငံထွက် ပိန္နဲသီးခြောက်များက နေရာယူထားကြလေသည်။

“တို့ဒေသအတွင်းမှာ ဆင်းရဲသားတွေများပေမဲ့ အလုပ်လုပ်ကြတဲ့သူတွေချည်းပဲ။ ရေကောင်း မြေကောင်း သစ်သီးကောင်းတွေထွက်ပေမဲ့ ရေရှည်ခံအောင် မထိန်းသိမ်းနိုင်၊ မထုတ်လုပ်နိုင်၊ တန်ဖိုးမြင့်ထုတ်ကုန်တွေ မလုပ်နိုင်လို့ ရိက္ခာဖူလုံလျက်နဲ့ ငွေရှားနေရတာပဲ။ နည်းပညာတွေကို မျှဝေပြီး အတူတကွ တိုးတက်အောင် ကြိုးစားလို့ မရနိုင်ဘူးလား” ဟူ၍ မေးမေးပြောပြောရှိခဲ့ပါ၏။

ဒေသအတွင်းမှာ လှိုင်လှိုင်ထွက်သော နာနတ်သီးများမှာလည်း ကုန်သွယ်မှုမြင့်၊ နည်းပညာမြင့်၊ စုပေါင်းလုပ်ဆောင်မှုမြင့်၍ ရနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်သည့်အတွက် လတ်ဆတ်သောသီးနှံများကို အလွယ်တကူ သယ်ပို့ရောင်းချရန်မှာမူ ခက်ခဲပါ၏။

မကြာခင်ကပင် လာအိုနိုင်ငံ လွှမ်ပရာဘန်မြို့မှ တရုတ်နိုင်ငံ ပီကင်းမြို့အထိ ကျည်ဆန်ရထားမှ တစ်ဆင့် ထိုင်းနိုင်ငံထွက် ဒူးရင်းသီးများကို တင်ပို့နိုင်ပြီဟူသည့် သတင်းတစ်ရပ် ထွက်ပေါ်ခဲ့ပါသည်။ သစ်သီးများကို သဘာဝအတိုင်း လတ်လတ်ဆတ်ဆတ် အရသာရှိရှိ စားသုံးနိုင်ရေးအတွက်မူ အချိန်က စကားပြော၏။ နှေးကွေးသော လမ်းကြောင်းများဖြင့် အလုပ်မဖြစ်ချေ။

မြန်မာနိုင်ငံ၌ ယခင်ကပင် ရှမ်းအရှေ့ဒေသတွင် သီးနှံကောင်းကောင်းများ အလွယ်တကူရခဲ့၏။ ယိုးဒယားမန်ကျည်းသီးကအစ ချို၏။ စားကောင်း၏။ သရက်သီး၊ မရမ်းသီး၊ ကြက်မောက်သီး၊ ဒူးရင်းသီးကအစ ကျွန်တော်တို့ မြန်မာနိုင်ငံတောင်ပိုင်းမှထွက်သမျှအသီးများ မျက်နှာငယ်လာ၏။ ထို့ပြင် မလေးရှား ဒူးရင်းသီးများကပါ ဈေးကွက်ဝင်လာ၏။ ကျွဲကောသီးများဆိုလျှင် မော်လမြိုင်ဓာတ်ကျွဲကောဟူသော နာမည်ပင် ယခုအခါ ပျောက်လုဖြစ်နေလေသည်။

“မြန်မာသဘော်သီးလေး တစ်လုံးလောက် ဝယ်ချင်တယ်”

“ဒါ မြန်မာပြည်ကထွက်တဲ့ မြန်မာသဘော်သီးပဲလေ”

ကျွန်တော့်စကားကို ဈေးရောင်းသူက ဖြေလေသည်။ မြန်မာမျိုးရင်း သဘော်သီးကို ဈေးရောင်းသူ မြန်မာပြည်သား မသိတော့ချေ။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ထိုင်းနိုင်ငံတွင် သဘော်သီးပြဿနာရှိခဲ့၏။ မျိုးရိုးပြင်ထားသော သဘော်သီးများ ထိုင်းနိုင်ငံတွင် ရောင်းချမှုအတွက် ကျန်းမာရေးနှင့်ညီညွတ်မှုရှိ၊ မရှိ ငြင်းခုံကြရာမှ အသံကျယ်လာ၏။ ယခုတော့ ငြိမ်သွားပါပြီ။

မြန်မာပြည်ထဲသို့ ယိုးဒယားသဘော်သီးများ ရောက်လာ၏။ စိုက်ကြ၊ ရောင်းကြ။ နောက်ထပ် ထိုင်ဝမ်သီးဟုခေါ်သော သဘော်သီးအကြီးကြီးများကို ဈေးကွက်ထဲတွင် တွေ့နေရ၏။ မြန်မာသဘော်သီးဆိုသောအရာကိုမူ ပုပ္ပားရွာနှင့် ပန်းတောင်းမြို့တို့တွင်သာ ရှာဖွေ၍တွေ့ရလေသည်။

ဤဒေသတွင် GM နည်းဖြင့် မျိုးရိုးဗီဇပြုပြင်ထားသော အသီးအနှံများစွာ ဈေးကွက်ထဲရောက်လာ၏။ သဘော်သီး၊ ခရမ်းချဉ်သီး၊ ပြောင်းဖူးသာမက ဆန်များပင် မျိုးရိုးဗီဇပြုပြင်ထားသော ထွက်ကုန်များ တွေ့လာရလေသည်။

ကျွန်တော်တို့ အစည်းအဝေးတွင် ဘူတန်နိုင်ငံမှ ကိုယ်စားလှယ်က “တို့နိုင်ငံမှာ အစားအစာ တင်သွင်းရင် ဘေးအန္တရာယ်မရှိဖို့ (Food Safety) ကို သေသေချာချာ စစ်ဆေးတယ်”ဟု ဆိုခဲ့၏။

ကျွန်တော်တို့နိုင်ငံမှာလည်း အစားအစာနှင့် ဆေးဝါးဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ကျန်းမာရေးဌာနက ပြဋ္ဌာန်းထားပါသည်။ တစ်ဖက်တွင်လည်း သီးနှံထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူများအတွက် စည်းကမ်းဥပဒေများရှိပါသည်။ သို့သော် ပြည်ပမှတင်သွင်းလာသော သစ်သီးသစ်နှံများအတွက် စနစ်တကျ တိတိကျကျ စစ်ဆေးရန်ကား အခက်အခဲများစွာ ရှိလေသည်။

**“အရည်အသွေး ကောင်းမွန်သည့်အပြင် ဘေးဥပဒ်ကင်းစင်သည့် အစားအသောက်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန်လို”** ဟူသော ခေါင်းစဉ်ဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၂၇ ရက်တွင် ပြုလုပ်သည့် “အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ” မိတ်ဆက်ခြင်းနှင့်ဖြန့်ဝေခြင်း အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားကြောင်း သတင်းကို သတင်းစာများတွင် ဖတ်လိုက်ရသည်။

“National Food Safety Policy” တစ်ခု မြန်မာနိုင်ငံတွင် ပီပီပြင်ပြင်တွေ့မြင်ရလေပြီ။

စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ ရောင်းချသူတို့၏ အားပြုရာ မူဝါဒဖြင့် နိုင်ငံတော်အစိုးရက စောင့်ရှောက်ပေးနိုင်ခြင်းကား ကောင်းလေစွ။ ။

# ပုံပြင် အလုပ်လုပ်သူနှင့် အလုပ်မလုပ်သူ

**မင်းယုဝေ**

အလွန်ဆင်းရဲသော ရွာကလေးတစ်ရွာတွင် ညီအစ်ကိုသုံးယောက်ရှိသည်။ သူတို့သည် နေ့စဉ်လိုလိုပင် သူတို့၏ ဆင်းရဲမွဲတေမှုကို ကျယ်လောင်စွာ ညည်းတွားပြောဆိုလေ့ရှိကြသည်။

တစ်နေ့သောအခါ သူတို့ထံသို့ နတ်သမီးတစ်ပါး ရောက်ရှိလာသည်။

“အို.. အဆွေတို့၊ သင်တို့၏ညည်းညူသံများကို ကြားသိရသဖြင့် ကျွန်ုပ်စိတ်မချမ်းမသာ ဖြစ်မိပါသည်။ ယခုသင်တို့ကို ကယ်မရန်အတွက် သင်တို့နှင့် ကာလအတန်ကြာ လာရောက်နေထိုင်ပါမည်” ဟု ပြောဆို၏။

ညီအစ်ကို သုံးဦးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နတ်သမီးကို ကြိုဆိုလက်ခံသည်။ ဤတွင် အစ်ကိုကြီးသည် နတ်သမီးရှေ့တွင် ကြိုးစားပြလိုသဖြင့် နေ့စဉ်ပင် ထွန်ယက်စိုက်ပျိုး၏။ ထွက်ရှိသော အသီးအနှံများကိုလည်း ရောင်းချသည်။ မကြာမီပင် ချမ်းသာသူ တစ်ယောက် ဖြစ်လာသည်။

အစ်ကိုလတ်သည်လည်း နတ်သမီးရှေ့တွင် အလုပ်လုပ်ပြမှ သင့်မည်ဟုဆိုကာ ဘုရင့်ထံတွင် ဝင်ရောက်အမှုထမ်းသည်။ ကြိုးစား၍ အမှုထမ်းရာ လစာများစွာရရှိပြီး ကြွယ်ဝချမ်းသာလာသည်။

ညီငယ်မှာမူ အလုပ်ကြိုးစားမလုပ်။ တစ်နေကုန်ပင် လိပ်ပြာများကို လိုက်လံဖမ်းလျက် ပျော်ရွှင်မြူးထူးနေသည်။

မကြာမီ နတ်သမီးသည် သူတို့ထံမှ ဖယ်ခွာသွားသည်။ ထိုအခါ အလုပ်လုပ်သော အစ်ကိုကြီးနှင့် အစ်ကိုလတ်မှာ လူချမ်းသာဘဝသို့ ရောက်ရှိနေပြီး အလုပ်မလုပ်သောညီငယ်မှာမူ ဆင်းရဲမြဲဆင်းရဲနေသည်။

ညီငယ်သည် အလုပ်မလုပ်သောကြောင့် သူဆင်းရဲနေသည်ကို တွေးတောစဉ်းစားခြင်းမပြု။

“နတ်သမီးသည် ငါ့ကို မစခြင်းမပြု၊ အစ်ကိုနှစ်ယောက်ကိုသာ မစခြင်းပြုသည်” ဟု ပြစ်တင်ညည်းတွားပြောဆိုလျက်ရှိလေသည်။

**(ရုရှားစာရေးဆရာကြီး ကရီးလော့စ်၏ ဒဏ္ဍာရီပုံပြင်)**

**ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင် ပုံပြင်ပေါင်းချုပ် စာအုပ်မှပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ကဗျာ

## ခုလတ်

**နားကြစို့နော်**
**အဖော်ကမေး။**
**နောက်ကလူ ခြေရာပျောက်မှာ**
**စိုးကြောက်မိသေး။**
**လမ်းကွဲကမှာ**
**လွန်စွာမှ ရှုပ်ထွေး။**
**နောက်ပါလူ သည်အတက်မှာ**
**ရွေးခက်လိမ့်လေး။**
**စောင့်လို့ငယ်သာ**
**နေပါရသေး။**
**လမ်းမှန်ကို သူတို့သွားမှာ**
**နားကြစို့လေး။**

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





လူမှု
ဘဝ

# လူငယ်များနှင့် ဘဝရည်မှန်းချက်

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ရည်မှန်းချက်ဟူသည် အကျိုးပြု အကောင်းမြင်သောအသွင်ဆောင်ပြီး ပြင်းပြသောဆန္ဒကို ဖော်ကျူးသည်။ ယင်းသည် သန္ဓေပါ ဗီဇစိတ်ဖြစ်ပြီး တစ်စုံတစ်ရာကို လက်ဆုပ်လက်ကိုင် ပိုင်နိုင်လိုသော ဆန္ဒ တစိုက်မတ်မတ်ရှိခြင်းပင်ဖြစ်သည်။ လူငယ်များသည် မိမိတို့ ဘဝရည်မှန်းချက်အတွက် ပြင်းပြသော ဆန္ဒကို ပျိုးထောင်ရန်လိုသည်။ အောက်ပါတို့မှာ လူငယ်တို့၏ ဘဝရည်မှန်းချက်အောင်မြင်ရေး အတွက် အထောက်အကူပြုသောအချက်များ ဖြစ်သည်။

လူငယ်များသည် စိတ်ဓာတ်ခွန်အား ကောင်းမွန်ဖို့လိုသလို ရုပ်ခန္ဓာကိုယ်ကျန်းမာရေးအတွက် မိမိတို့၏လုပ်နိုင်စွမ်း ထိန်းသိမ်းထားရန်လိုသည်။ ဤသို့ဖြင့် လူငယ်များသည် ရည်မှန်းချက်ကြီးမားသူ တစ်ဦးကဲ့သို့ မိမိဘဝအခြေအနေကို မြှင့်တင်ရန် လိုသည်။ တွေးခေါ်ကျင့်ဆောင်ရန်လိုသည်။ လူငယ်များသည် လူအများနှင့် ဆက်ဆံရာတွင် ရည်မှန်းချက်ကြီးမားသူများ၏ အတွေ့အကြုံ၊ နည်းနာများကို သိရှိနားလည်ရန်၊ လေ့လာရန်လိုသည်။ ဖြစ်နိုင်လျှင် ရည်မှန်းချက်ကြီးမားသူများနှင့် ပေါင်းသင်းရန် လိုသည်။

လူငယ်များသည် ဘဝရည်မှန်းချက်ချမှတ်ရာတွင် မိမိဝါသနာပါရာအလုပ်နှင့် ကိုက်ညီရန် လိုသည်။ မိမိ၏စွမ်းဆောင်ရည်ကို သိရှိထားရမည် ဖြစ်သည်။ မိမိ၏အားသာချက်များနှင့် အားနည်းချက်များကို သိရှိနားလည်သဘောပေါက်အောင် လေ့လာထားရမည်။ လူငယ်များသည် သက်တူရွယ်တူများနှင့် ပေါင်းသင်းဆက်ဆံရာတွင် တစ်ပါးသူတို့ကို မနာလိုမဖြစ်ဖို့ အရေးကြီးသည်။ ထိုသူတို့၏ အောင်မြင်မှုကို အားကျစိတ်ရှိရမည်။ တစ်ခါတစ်ရံ မနာလိုမှုက မိမိ၏စွမ်းအားကို လျော့ပါးစေပြီး ရည်မှန်းချက်အတွက် ထားရှိရမည့် စွမ်းအားကို ပျက်ပြားစေနိုင်သည်။ မနာလိုစိတ်က မိမိ၏စိတ်ကို ခက်ထန်စေမည့်အပြင် စိတ်မချမ်းမြေ့ ဖြစ်စေမည်။ ထို့ကြောင့် မိမိစိတ်ကို တည်ငြိမ်ချမ်းမြေ့စေရန် ထိန်းသိမ်းတတ်သော အလေ့အကျင့်ကို ပျိုးထောင်ထားရန်လိုသည်။

လူငယ်များ ဘဝရည်မှန်းချက် ချမှတ်ဖော်ဆောင်ရာတွင် အရေးကြီးသောအချက်မှာ မိမိကိုယ်ကိုမိမိ ယုံကြည်မှုတည်ဆောက်ရန် ဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုမရှိဘဲနှင့် လူတစ်ဦးတစ်ယောက်သည် ရည်မှန်းချက်မကြီးမားနိုင်ချေ။ လူငယ်များအနေဖြင့် ဘဝခရီးလျှောက်လှမ်းရာတွင် မိမိဖြတ်သန်းခဲ့သော ပညာရေးဘဝ၊ လူမှုဆက်ဆံရေး၊ သဘောထားတို့ကို သိရှိထားရန်လိုသည်။ အတိတ်တွင်ဖြစ်ပျက်ခဲ့သည်ကို သိရှိထားခြင်းနှင့် မျက်မှောက်ကာလ ဖြစ်ပျက်နေခြင်းကို သိရှိထားခြင်းဖြင့် လူငယ်များသည် မိမိတို့ အနာဂတ်အတွက် စိတ်ကူးစိတ်သန်း၊ အတွေးအခေါ်ကောင်းများ ရရှိထက်မြက်လာမည်ဖြစ်သည်။

ဘဝရည်မှန်းချက်အတွက် လူငယ်များတွင် အသိဉာဏ်ပညာ၊ ဗဟုသုတပြည့်စုံရန် လေ့လာမှုရှိရမည်ဖြစ်သည်။ စာအသိနှင့် လက်တွေ့ဖြစ်ရပ်ကို ချိန်ထိုးကြည့်ရမည်ဖြစ်သည်။ အသိဉာဏ်ပညာ၊ ဗဟုသုတ ကင်းမဲ့သောစိတ်သည် ရည်မှန်းချက် မကြီးမားနိုင်ချေ။

တစ်ခါတစ်ရံတွင် လူငယ်များသည် ငြီးငွေ့ဖွယ် ပတ်ဝန်းကျင်မှထွက်ပြီး ပတ်ဝန်းကျင်အသစ်သို့ ရောက်ရှိသောအခါ စိတ်ကူးသစ်၊ အိုင်ဒီယာသစ်များ ခံစားရရှိလာမည်ဖြစ်သည်။ ဤသို့ဖြင့် မိမိတို့၏ စိတ်တွင် ကြီးကျယ်သောဖြစ်နိုင်ခြေကိစ္စရပ်များကို စိတ်ကူးတွေးခေါ်လာနိုင်မည်ဖြစ်သည်။ ယင်းသို့ အမြင်သစ်များရရှိအောင် တွေးခေါ်မှုက မိမိတို့စိတ်ကို ထက်သန်တက်ကြွစေမည်ဖြစ်သည်။ ဤသည်ပင်လျှင် ဘဝရည်မှန်းချက်ဦးတည်ရာ လမ်းကြောင်းကို ရှေးရှုရောက်ရှိစေမည် ဖြစ်သည်။

လူငယ်များသည် မိမိရည်မှန်းချက်အတွက် ထိုက်သင့်သော ပညာအရည်အချင်းကို ရရှိထားဖို့ လိုသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို လေ့လာသင်ယူဖို့လိုသည်။ ကျောင်းသင်ပညာအပြင် လူမှုဆက်ဆံရေးပညာကိုလည်း လူကြီးများ၊ အတွေ့အကြုံရှိသူများနှင့် စာအုပ်များမှ လေ့လာနိုင်သည်။ ပေါင်းသင်းဆက်ဆံရင်း မိမိတို့ အချင်းချင်း ဆွေးနွေးပြောဆိုခြင်းဖြင့် စိတ်ကူးစိတ်သန်းများ ကြီးထွားဖွံ့ဖြိုးလာမည်ဖြစ်သည်။

လူငယ်များသည် မိမိတို့၏ ဘဝရည်မှန်းချက် အောင်မြင်ရေးအတွက် ကြိုးပမ်းရာတွင် တစ်ပါးသူတို့၏ အောင်မြင်မှုကို စံနမူနာယူ၊ အတုယူလိုသော စိတ်ဓာတ်ထက်သန်ရန်လိုသည်။ ဤအလေ့အကျင့်သည် လူငယ်တို့၏စိတ်ဓာတ်ကို ရင့်သန်တိုးတက်စေပြီး ဘဝရည်မှန်းချက်ကို အားဖြည့်ကူညီပေးသည်။ အခြားသူတို့၏အောင်မြင်မှုနှင့်ပတ်သက်၍ အကောင်းမြင်စိတ်ကျင့်သုံးခြင်းဖြင့် ထိုသူတို့၏အောင်နိုင်ရေး ဗျူဟာများမှ ပညာရရှိနိုင်မည်ဖြစ်သည်။

လူငယ်များသည် ဘဝရည်မှန်းချက်ချမှတ်ရင်း အနုပညာ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံပညာ၊ အားစသည်ဖြင့် မိမိတို့ ဝါသနာပါရာတစ်ခုခုကို ရွေးချယ်ပြီး မွေးမြူလုပ်ဆောင်ရမည်ဖြစ်သည်။ ယင်းဝါသနာက လူငယ်တို့၏စိတ်ကို ဖြေလျှော့ပေးသည်။ ပင်ပန်းမှုများမှ အားမာန်များရရှိစေရန် ဖြည့်ဆည်းကူညီပေးသည်။ ပုံမှန်လုပ်ဆောင်မှုများမှ လွတ်မြောက်မှုအရသာကို ခံစားမိလာမည်ဖြစ်သည်။

လူငယ်များသည် ဘဝရည်မှန်းချက်အတွက် ရေးသားထားသော စာအုပ်များကို ဖတ်ရှုသင့်သည်။

ဥပမာ– ဒေါက်တာဒေးဗစ်ရှဝပ်(ဇ်)(Dr.David Swartz) ရေးသားသော ကြီးကြီးမားမား တွေးတောစဉ်းစားပါ (Think Big) စာအုပ်သည် လူငယ်များ ဖတ်သင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

သို့ဖြစ်ရာ ရည်မှန်းချက်ကြီးမားခြင်းသည် ဘဝအောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ မိမိကိုယ်ကိုမိမိ ရည်မှန်းချက်ကြီးမားသူတစ်ဦးအဖြစ်ယူဆပြီး စိတ်ဓာတ်မကျသင့်ချေ။ ရည်မှန်းချက်ကို မည်သူမဆို မွေးမြူပျိုးထောင်၍ ရပါသည်။ ။

[Ref: Ambition by MS Reddy]



(ဆက်လက်ဖော်ပြပါမည်)

# လားရှိုးခရိုင်နှင့် ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူ ၄၅၆၆ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်



နေပြည်တော် မေ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်နှင့် ကျောက်မဲခရိုင်အတွင်းရှိ လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံ၊ သီပေါ၊ ကျောက်မဲမြို့နယ်များမှ ဒေသခံပြည်သူ ၄၅၆၆ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ပေးအပ်**

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် လားရှိုးခရိုင်နှင့် ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များမှ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူ စုစုပေါင်း ၄၅၆၆ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဦးမြို့၌ (၇၄)ကြိမ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ကျင်းပ

မြောက်ဦး မေ ၂၉

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ မေ ၈ ရက်တွင် ကျရောက်သော (၇၄)ကြိမ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ထမ္မရာဇ်ရပ်ကွက်ရှိ ကြက်ခြေနီအသင်းခွဲရုံး၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ရှင်းလင်းဖတ်ကြား**

အဆိုပါ အခမ်းအနားတွင် ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံမှ ပေးပို့သော (၇၄)ကြိမ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ထွေးက ရှင်းလင်းဖတ်ကြားကာ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမောင်လှက ကမ္ဘာ့ကြက်ခြေနီနေ့ ဖြစ်ပေါ်လာပုံအကြောင်း၊ နှစ်စဉ် မေ ၈ ရက်တွင် ကျရောက်သော ကမ္ဘာ့ကြက်ခြေနီနေ့သည် ကမ္ဘာ့ နိုင်ငံအသီးသီးတွင်ရှိသော ကြက်ခြေနီ စေတနာရှင်များကို ဂုဏ်ပြုသောနေ့ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ ကြက်ခြေနီနေ့ဆောင်ပုဒ်မှာ "Be Human Kind" ဖြစ်ကြောင်း၊ ဆောင်ပုဒ်၏ ရည်ရွယ်ချက်များဖြစ်သည့် ယနေ့ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ၊ ရာသီဥတုပြောင်းလဲမှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ၊ ကြက်ခြေနီ အခြေခံမူ(၇)ချက် စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



ထို့နောက် မြို့နယ် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ပတ်တီးစည်းနည်းများ၊ ရှေးဦးသူနာပြုစုနည်းများကို သရုပ်ဖော်ပြသခဲ့ပြီး ရခိုင်ပြည်နယ် ကြက်ခြေနီ ဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ကို ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြင့်စိုး(ပြန်/ဆက်)



# မိတ္ထီလာမြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိတ္ထီလာ မေ ၂၉

မိတ္ထီလာမြို့၌ ခရိုင်သစ်တောဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပွဲကို ယနေ့နံနက်ပိုင်းက မိတ္ထီလာ-မြင်းခြံကားလမ်းမအနီး လိန်တောကြိုးပြင်ကာကွယ်တောအတွင်း ကျင်းပသည်။

ရှေးဦးစွာ ပါဝင်သစ်ပင်စိုက်ပျိုးကြမည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ သစ်ပင်ပျိုးပင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းထွန်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးနှင့် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်း-၁ တို့က ပေးအပ်သည်။

ဆက်လက်၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ လိန်တောကြိုးပြင်ကာကွယ်တောအတွင်း၌ တမာ၊ ယင်းမာ၊ စိန်ပန်း၊ မဲဇလီ၊ ဒဟတ် စသည့် သစ်ပင်ပျိုးပင် ၅၃၀ ကို ခရိုင်စီမံချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၉

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# မန္တလေး ခြောက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရေးစီမံချက်ဖြင့် ပျိုးပင်ပေါင်း ၂၀၀၀၀ စိုက်ပျိုးမည်

မန္တလေး မေ ၂၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မန္တလေး ခြောက်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးရေးစီမံချက်ဖြင့် ပျိုးပင်ပေါင်း ၂၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ သိရသည်။



အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း စီမံချက်ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက ဦးဆောင်၍ မြို့နယ် ခြောက်မြို့နယ်တွင် အမြဲစိမ်းအရိပ်ရအပင်ပေါင်း ၁၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည့်အပြင် မန္တလေး ခြောက်မြို့နယ်အတွင်း ပျိုးပင်ပေါင်း ၁၀၀၀၀ ကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို အောင်မြေသာစံမြို့နယ်မှစတင်၍ ဇွန် ၃ ရက်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်လွင်က ပြောကြားသည်။

"မန္တလေး ခြောက်မြို့နယ်မှာရှိတဲ့ လမ်းမကြီးတွေ၊ လမ်းသွယ်တွေ၊ အသစ်ဖောက်ထားတဲ့ လမ်းသစ်တွေ၊ ချဲ့ထားတဲ့လမ်းတွေ၊ ပျက်စီးဆုံးရှုံးသွားတဲ့ သစ်ပင်ကြီးငယ်တွေ၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်မှာ သက်တမ်းကြီးရင့်တဲ့ အပင်သေတွေအစားကို ပြန်လည်ဖြည့်ဆည်းတဲ့အနေနဲ့ မိုးရာသီမှာ သစ်ပင်စိုက်ပျိုးခြင်းစီမံချက်ကို ဆောင်ရွက်တာပါ။ အပူပိုင်းဒေသဖြစ်တဲ့အတွက်ကြောင့် အရိပ်ရပင်၊ နေကာ၊ လေကာ၊ အပွင့်ပန်းပါတဲ့ သစ်ပင်တွေကို ဦးစားပေးစိုက်ပျိုးပါမယ်။ မြို့နယ် တစ်မြို့နယ်မှာရှိတဲ့ လမ်းမကြီးတစ်ခုမှာ စိန်ပန်းပင်စိုက်ရင် အဲ့ဒီလမ်းရဲ့တစ်ဖက်စီမှာလည်း စိန်ပန်းပင်ကြီးပဲ စိုက်သွားမှာပါ" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ယခုနှစ်မိုးရာသီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက စိုက်ပျိုးသွားမည့် အရိပ်ရလေကာအလှပန်းပင်များဖြစ်သည့် မည်စည်၊ ခရေ၊ ငု၊ ဖွားဖက်တော်၊ သပြေဘူတ၊ စိန်ပန်း၊ ထိုင်ဝမ်ဗာဒံ၊ မဲဇလီ၊ တမာ၊ စွယ်တော်၊ ဗာဒံ၊ ကံ့ကော်၊ ပိတောက်၊ ပုန်းညက်၊ သရက် စသည့် အပင်များကို မြို့နယ်ခြောက်မြို့နယ်တွင် စိုက်ပျိုးသွားမည်ဖြစ်ရာ စိုက်ပျိုးမည့်ပျိုးပင်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနတွင် ပျိုးပင်အမျိုးအစားအလိုက် လုံလောက်စွာ စိုက်ပျိုးထားပြီး ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်



နေပြည်တော် မေ ၂၉

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်အအေးခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် လူ ၁၀ ဦး ထိုးနှံနိုင်သည့် Covishield၊ ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သည့် Sinopharm နှင့် Myancopharm အမှတ်တံဆိပ် ကာကွယ်ဆေးများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm ၂၄၇၉၀ နှင့် ဆေးထိုးအပ်များ၊ ကယားပြည်နယ် လွိုင်ကော်မြို့သို့ Covishield ၉၁၀ လုံး၊ Sinopharm ၁၃၁၃ လုံး၊ Myancopharm ၆၀၀ နှင့် ဆေးထိုးအပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ Sinopharm ၆၀၀၀၊ Myancopharm ၂၄၄၀ နှင့် ဆေးထိုးအပ်များ၊ ရခိုင်ပြည်နယ် သံတွဲမြို့သို့ Sinopharm ၂၀၉၅၅ လုံး၊ Myancopharm ၄၇၁၈ လုံးနှင့် ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ Sinopharm ၂၆၆၄၃ လုံးနှင့် ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ Covishield ၂၃၁၄ လုံး၊ Sinopharm ၁၃၃၉၃ လုံး၊ Myancopharm ၂၆၂၀ နှင့် ဆေးထိုးအပ်များ၊ ချင်းပြည်နယ် ပလက်ဝမြို့သို့ Sinopharm ၂၀၉၀ နှင့် ဆေးထိုးအပ်များ၊ ဟားခါးမြို့သို့ Sinopharm ၇၆၀၊ ဖလမ်းမြို့သို့ Sinopharm ၇၅၀ နှင့် ဆေးထိုးအပ်များ၊ တီးတိန်မြို့သို့ Sinopharm ၄၄၂ လုံးနှင့် ဆေးထိုးအပ်များ၊ တွန်းဇံမြို့သို့ Sinopharm ၃၄၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ ပုလောမြို့နယ် မလိကျွန်းပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၉

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့များသည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် မလိတိုက်နယ်ဆေးရုံ၌ အခြေပြု၍ မလိကျွန်းနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၉၆၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၈၅ ဦး၊ ခွဲစိတ်ရောဂါ ၆၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၀၂ ဦး၊ ကလေးရောဂါ ၁၃၆ ဦး၊ အရိုးရောဂါ ၈၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၉၁ ဦး၊ မျက်စိရောဂါ ၈၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၄ ဦး စုစုပေါင်း ၉၆၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ခုနစ်ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၆၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၄ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁၃ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၁၃၉ ဦးနှင့် ကွန်ပျူတာ ဓာတ်မှန်ရိုက်လူနာ ခြောက်ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မေ ၂၉

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၈၉၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၇၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဟုမ္မလင်းမြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဟုမ္မလင်း မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် မိုးရာသီအကြို စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ဟုမ္မလင်း ဝိဇ္ဇာ/သိပ္ပံ ကောလိပ်ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပင် ၂၀၀၊ ကျွန်းပင် ၁၀၀၊ ခရေပင် ၂၀၀၊ ကံ့ကော်ပင် ၂၀၀၊ ဗာဒံပင် ၅၀၊ စွယ်တော်ပင် ၁၀၀၊ ပိတောက်ပင် ၅၀၊ စိန်ပန်းပင် ၁၀၀ စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဟုမ္မလင်းတပ်နယ်မှူး ဗိုလ်မှူးချုပ် မြင့်သောင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဟုမ္မလင်းမြို့နယ်မှ တပ်ရင်းတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

■

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မေ ၂၉

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ ဓမ္မစကြာရိပ်သာကျောင်းတိုက်၊ မှော်ဘီမြို့နယ် ကိုးလုံးကွင်းကျေးရွာရှိ အောင်ဘုန်းလျှံဆုတောင်းပြည့်ကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ကမ်းနားကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ်၌ တောင်သူများလက်ဝယ်အရောက် မျိုးစပါးများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ တောင်သူများထံ မျိုးစပါးများထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူ ၁၄၁ ဦးတို့အတွက် နံနံမျိုးစေ့ ၅၀၀ ဂရမ်ထုပ် ၁၄၁ ထုပ်နှင့် မျိုးစပါး ၁၄၁ တင်းကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာအုပ်စုများအလိုက် တောင်သူများထံ ထောက်ပံ့ပေးအပ်ကြရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့တွင် ၂၀၂၂ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဒိုက်ဦး မေ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုက်ဦး-ဥသျှစ်ကုန်းကားလမ်း မိုင်တိုင်အမှတ် ၀/၄ မှ ၀/၇ အထိ ကားလမ်းမကြီးလမ်းဘေး ဝဲ/ယာတစ်လျှောက်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဒိုက်ဦးမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းသစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ဒေသအပူချိန် လျှော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် မန်ကျည်းပျိုးပင် ၁၀၀ နှင့် ကုက္ကိုပျိုးပင် ၁၀၀ စုစုပေါင်းပျိုးပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ကျော်ကျော်(ဒိုက်ဦး)**



## အာဆီယံ ဉာဏ်စမ်းပဟေဠိ (နိုင်ငံအဆင့်) ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်းတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် မေ ၂၉

ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ-နိုင်ငံအဆင့် (10th ASEAN Quiz – National Level)ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ၃၃ ဦးသည် ယနေ့တွင် တည်းခိုနေထိုင်ကြမည့် ရန်ကုန်မြို့ရှိ ပညာရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပြိုင်ပွဲကျင်းပရေးစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုနေရာချထားခြင်းများ စီစဉ်ဆောင်ရွက်ကြသည်။



အဆိုပါ ကျောင်းသားကျောင်းသူများသည် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက စီစဉ်ကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အာဆီယံ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများမှ တစ်ဆင့် ရွေးချယ်ထားသည့် အသက် ၁၅ နှစ်မှ ၁၈ နှစ် အတွင်းရှိကျောင်းသား ကျောင်းသူများဖြစ်ကြပြီး မေ ၃၀ ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ရေးဖြေစစ်ဆေးခြင်း၊ မွန်းလွဲပိုင်းတွင် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များဖြင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ကာ ပြိုင်ပွဲဝင် ၁၀ ဦးကို ရွေးချယ်၍ မေ ၃၀ ရက် ညနေပိုင်းတွင် အောင်စာရင်း ထုတ်ပြန်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၀ ဦးသည် ဇွန် ၁ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio – A ခန်းမတွင် ရုပ်မြင်သံကြားရိုက်ကူးရေးအစီအစဉ်ဖြင့် ကျင်းပပြုလုပ်မည့် 10th ASEAN Quiz – National Level ပြိုင်ပွဲသို့ ဆက်လက်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ငါးဦးကို ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပမည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ-ဒေသတွင်းအဆင့် (10th ASEAN Quiz – National Level) ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သထုံမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သထုံ မေ ၂၉

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ အလံတရာသာသနာ့နယ်မြေရှိ အလံတရာစေတီတော် မြတ်ကြီးအနီးတွင် ယနေ့ နံနက်ပိုင်းက မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်အောင်နှင့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့က စိုက်ပျိုးမည့် အပင်များကို ပေးအပ်ရာ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများက လက်ခံရယူပြီး သတ်မှတ်နေရာတို့၌ ပျဉ်းကတိုး၊ မဟော်ဂနီ၊ သင်္ဘောကျွန်းနှင့် မန်ကျည်း ပျိုးပင်ပေါင်း ၆၀၀ ကျော်တို့ကို စနစ်တကျ စုပေါင်းစိုက်ပျိုးပေးကြသည်။

### ၄၀၀၀၀ ကျော် ပျိုးထောင်ထား

သထုံမြို့နယ်တွင် မိုးရာသီကာလသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးနိုင်ရန် သစ်တောဦးစီးဌာန မြေနီကုန်းပျိုးဥယျာဉ် တွင် ကျွန်း၊ ပျဉ်းကတိုး၊ သင်္ဘောကျွန်း၊ မန်ကျည်း၊ မဟော်ဂနီ၊ ဘောစကိုင်း၊ ငုရွှေဝါ၊ စိန်ပန်း၊ ဗာဒံ၊ ကုက္ကိုနှင့် ပေါက်ပန်းဖြူ ပျိုးပင်အမျိုးအစား ၁၁ မျိုးခန့် အပင် ၄၀၀၀၀ ကျော် ပျိုးထောင်ထားကြောင်း သိရသည်။

**ကိုကိုဦး(ပြန်/ဆက်)**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၇-၅-၂၀၂၂ ရက်နေ့မှအဆက်

[ ၂ ]

ရေနံ့သာတွင်လည်း နန်းကိန္နရီသည် လူတကာ၏အရေးပေးခြင်း၊ ဂရုစိုက်ခြင်းကို ခံရသူတည်း။

ဤသည်မှာ ဒေါ်ရေနံ့သာခင်ခင်ကြီး ကိုယ်တိုင်က သူ့အား များစွာအလေးယူ ဂရုစိုက်ခြင်းမှ မြစ်ဖျားခံလာသည်။ နန်းကိန္နရီအနေနှင့် မျက်နှာတစ်ချက်မညိုးစေရဘဲ အလိုဟူသမျှ ပြည့်ဝစေသည်ချည်းပင်။

ပမာဆိုကြပါစို့။ အကြောင်းတစ်ခုခုကြောင့် နန်းကိန္နရီ ထမင်းဝိုင်း၌ ထမင်းအစား နည်းသည်ဆိုလျှင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာမကြည်သာ။ ထိုအခါ ထမင်းချက် စသူတို့အတွက် နေစရာမရှိတော့။ ဟင်းတစ်မည်မည်နှင့် ပတ်သက်၍ ပေါ့သည်ငန်သည်ဆိုလျှင် ထမင်းချက်ခေါင်းဆောင်၏ အပြောအဆို ခံရတတ်သည်။ အကြိမ်းအမောင်း ခံရတတ်သည်။

သည်တော့လည်း အိမ်ရှိလူကုန်ဆိုသလို နန်းကိန္နရီ၏ အရိပ်အခြည်ကို ကြည့်နေကြရသည်။ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေကြရသည်။

အစေခံအချင်းချင်း ဆုံမိကြပြီဆိုလျှင် စကားစပ်ဟပ်ပြောမိကြပြီဆိုလျှင်ကား ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏ အဖြစ်သည်းပုံကို စုဝေးပြောဖြစ်ကြသည်။

“အခုမှ သူတို့ချင်းတွေ့ဖြစ်လို့ တော်ပေတော့တယ်ဟေ့။ ဒီအရင်ကသာ တွေ့ဖူးခဲ့ကြရင် ခက်ရချည်ရဲ့၊ တစ်ယောက်ကိုတစ်ယောက် ကြိုးနဲ့များ ပူးပြီးချည်ထားမလား မပြောတတ်ဘူး”

ထမင်းချက်ခေါင်းဆောင်မှ မှတ်ချက်ချသံ။

“နေစမ်းပါဦး၊ ဒီအိမ်မှာ တို့များကြောက်ရမှာက ဒေါ်ရေနံ့သာခင်ခင်ကြီးလား၊ မနန်းကိန္နရီလား”

ဥယျာဉ်မှူး၏ ညည်းညူသံ။

“မနန်းကိန္နရီကို မွေးစားတယ်ဆိုလို့သာ တော်တော့တာပဲ။ တကယ်တမ်း ကိုးလလွယ် ဆယ်လဖွားခဲ့ရတဲ့ သမီးအရင်းအချာသာဆိုရင် ဆီးဖြူဖန်ခါးလို ငုံထားမယ်ဆိုတာမျိုးလိုများ ဖြစ်နေမလား မပြောတတ်ဘူး”

ဒရိုင်ဘာဇနီးသည်၏ ကောက်ချက်ချသံ။

သို့နှယ်ဖြင့် နန်းကိန္နရီ၏ ကံကောင်းပုံကို လူတို့ အံ့သြမကုန်နိုင်အောင် ရှိကြသည်။ အားကျသူလည်း မရှားလှ။ ထိုအတွက် လိုလားနှစ်သက်ခြင်းရှိကြသလို၊ လိုလားနှစ်သက်ခြင်း မရှိနိုင်သူတို့လည်း ရှိသည်ပင်။

လိုလားနှစ်သက်ခြင်း ရှိသူများအဖို့ အချို့သော နန်းကိန္နရီအပြုအမူတို့မှာ ချစ်စဖွယ်ဖြစ်သည်။ ကန္ဒဲ့ကလျနေတတ်ခြင်း၊ ချစ်ဖွယ်စကား ဆိုတတ်ခြင်းတို့သည် ထိုသူများအတွက် မြတ်နိုးဖွယ်ဖြစ်ခဲ့သည်။

လိုလားနှစ်သက်ခြင်း မရှိသူများအဖို့မှာမူ သူ၏အပြုအမူတို့မှာ အမြင်ပြင်းကတ်ဖွယ်၊ မျက်စိနောက်ဖွယ် ရှိရပြန်သည်။

တစ်ခါတလေတွင် နန်းကိန္နရီသည် လူကြီးဆန်သည်။ စကားကြီးစကားကျယ် ပြောတတ်သည်။ ဘဝနှင့်စပ်လျဉ်း၍ နက်နက်နဲနဲ စဉ်းစားဝေဖန်တတ်သည်။ လူတကာနှင့်မရောဘဲ တစ်သီးတသန့် နေတတ်သည်။

တစ်ခါတစ်ရံတွင်မူ သူမသည် ကလေးဆန်နေတတ်ပြန်သည်။ အစေခံများနှင့် ရောနှောသည်၊ အစေခံများထဲတွင် အသက်အငယ်ဆုံးဖြစ်သော မှော်ဘီနယ်ဘက်က စိန်သံခေါ် မိန်းကလေးကို အကတွေ အခုန်တွေ ကျကျနန သင်ပေးတတ်သည်။ ရေဒီယိုမှလာသော သီချင်းများကို လိုက်ဆိုတတ်သည်။ ဧည့်ခန်းထဲမှာပေမဲ့၊ ပန်းခြံထဲမှာပေမဲ့ အကျအန ကနေတတ်သည်။

ရေဒီယိုအငြိမ့်ခန်း လာပြီဆိုလျှင်မူ နန်းကိန္နရီ ဣန္ဒြေမရတော့။ အိမ်ရှိလူကုန်ကို ဧည့်ခန်းသို့ စုဝေးခေါ်ဆောင်လာသည်။ အငြိမ့်ကကွက်တွေကို လိုလိုချင်ချင် ကပြတတ်သည်။

ယင်းအခါမျိုး၌ ဒေါ်ရေနံ့သာခင်ခင်ကြီး၏အပြုံးကို မြင်ကြရတတ်သည်။

နန်းကိန္နရီနှင့်စပ်လျဉ်းကာ ဒေါ်ရေနံ့သာခင်ခင်ကြီး အိမ်ပြင်ပသို့ မကြာခဏ ထွက်ဖြစ်သည်။ ရုပ်ရှင် စသည်တို့ မကြာခဏကြည့်ဖြစ်သည်။ တစ်ခါတစ်ရံ ညကိုးနာရီခွဲပွဲပင်ဖြစ်စေ နှစ်ယောက်သား ကားတစ်စီးဖြင့် သွားကြည့်တတ်သည်။ အားရက်၌ ပဲခူးလို၊ သန်လျင်လို နေရာမျိုးသို့ ဘုရားဖူးသွားလေ့ရှိကြသည်။

ထိုမျှသာမက ယခုအခါ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ယခင်က ရှောင်ဖယ်လေ့ရှိသော မွေးနေ့လို၊ ဘုရားကိုးဆူလို မင်္ဂလာဆောင်လိုနေရာမျိုးကိုပင် သွားရောက်လေ့ရှိလာလေသည်။

စင်စစ် အသိုင်းအဝိုင်းကလည်း ချက်ဆိုနားခွက်ကမီးတောက်ဆိုသော အသိုင်းအဝိုင်းမျိုး၊ ရေနံ့သာခင်ခင်ကြီးက နန်းကိန္နရီအား မွေးစားလိုက်သည်ဆိုကတည်းက သူတို့နှစ်ယောက်ကို မည်သို့မည်ပုံ ပေါင်းရသင်းရမည်ဆိုခြင်းကို သိကြသည်။ သူတို့အား မည်သို့ဆက်ဆံရမည်ကို နားလည်ကြသည်။

မင်းကတော်ဟောင်း၊ စိန်ပွဲစား ဒေါ်မြသွေး၏သမီး မင်္ဂလာဆောင်စဉ်ကအဖြစ်ကိုပင်ကြည့်၊ သည်စဉ်က ဒေါ်ရေနံ့သာခင်ခင်ကြီးရော နန်းကိန္နရီပါ အဖြူရောင်တွေချည်း ဝတ်သွားကြသည်။ လည်တွင် ပုလဲသွယ်တွေ ဆွဲသွားကြသည်၊ နားတွင်လည်းကောင်း၊ လက်တွင်လည်းကောင်း ပုလဲနားကပ်၊ ပုလဲလက်ကောက် စသည်တို့ ဝတ်သွားကြသည်။

သူတို့အား မြင်လျှင်မြင်ချင်းမှာပင် –

“ဟယ်...ကြည့်ကြပါဦး။ မြက သူတို့ကို ညီအစ်မအောက်မေ့လို့။ တကတဲ ဒီသားအမိများ ကြည့်လိုက်ရင် ဘယ်အခါမဆို ညီအစ်မကျနေတာပဲ။ ခင်ခင်တို့များ တယ်ကုသိုလ်ကောင်းတာကိုး။ ကိုယ်တိုင်ကလည်း လှလှပပ၊ နုနုနယ်နယ်၊ မွေးထားလိုက်တဲ့ကလေးကျတော့လည်း မအေတူ အချောအလှလေး။ ဒီလိုသမီးမျိုးကလေးများရမယ်ဆိုရင် မြတို့ဆယ်ခါပြန် မွေးလိုက်ချင်ပါရဲ့”

ဒေါ်မြသွေး စကားပြောတတ်ခဲ့သည်။

ရုတ်တရက်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီးအဖို့ နန်းကိန္နရီအား မွေးစားသည်ဟူသော အသိပျောက်စေသည်၊ နန်းကိန္နရီအဖို့တွင်လည်း ဒေါ်ရေနံ့သာခင်ခင်ကြီးအား မိခင်အရင်းပမာ အထင်ရောက်စေနိုင်သည်။

မည်သည့်နေရာသို့ပင်သွားသွား သည်စကားမျိုးကိုသာ အစဉ်ကြားရတတ်လေရာ ထိုနေရာမျိုးသို့သွားရန်ဝန်မလေးမိဘဲ ရှိလာသည်။

သို့ပြောလည်း နောက်ပိုင်းတွင် သူတို့အချင်းချင်း ခြေတို့လက်တို့ အတင်းစကားဆိုသည်များကို ဒေါ်ရေနံ့သာခင်ခင်ကြီးမကြားနိုင်။ ဝိုင်းဝန်း၍ မဲ့မဲ့ရွဲ့ရွဲ့ ကဲ့ရဲ့ကြသည်ကိုလည်း မမြင်ရ။

အချို့က –

“နေစမ်းပါဦး၊ ဒေါ်ရေနံ့သာခင်ခင်ကြီးဘေးကမိန်းကလေးဟာ ဘယ်သူပါလိမ့်”

စသည်ဖြင့် စပ်စုသည်။

“နန်းကိန္နရီဆိုတာပေါ့။ ဒေါ်ရေနံ့သာခင်ခင်ကြီး မွေးစားထားတာ”

“သူက အငြိမ့်မင်းသမီးဆို”

“ပြောတာပါပဲ၊ ဟုတ်မှာပါ၊ ကြည့်ပါလား ရုပ်ကိုက အငြိမ့်မင်းသမီးရုပ်ပဲဟာ”

“အံ့ပါရဲ့အေ။ မွေးစားစရာတွေ ဒီလောက်ပဲ ရှားသလား။ တခြား မိကောင်းဖခင်သားသမီးထဲက မွေးစားဖို့ မရှိတော့ဘူးလား” စသော စကားသံများ ဒေါ်ရေနံ့သာခင်ခင်ကြီးတို့၏ နောက်တွင် ညံစီတတ်မြဲပင်။

အချို့ကတော့လည်း။

“ကောင်းပါတယ်။ အထီးကျန်ဆန်လှတဲ့သူ့ဘဝအတွက်အဖော်ရသွားတာပေါ့။ မိန်းကလေးအဖို့လည်း ကုသိုလ်ကောင်းသွားတာပေါ့” စသည်ဖြင့် အကောင်းဘက်က မြင်တတ်ကြသည်။

နီးစပ်ရာ အသိုင်းအဝိုင်း၌ ဒေါ်ရေနံ့သာခင်ခင်ကြီးက နန်းကိန္နရီအား မွေးစားလိုက်ခြင်း သတင်းပျံ့နှံ့သည်။ ဤသည်ကို အလုပ်တစ်လုပ်အနေနှင့် ပြောကြသူများလည်းရှိသည်။ အထူးသဖြင့် လိုင်စင်ခေတ်က ကြီးပွားခဲ့သော အသိုင်းအဝိုင်းတွင်ဖြစ်သည်။

ယင်းအသိုင်းအဝိုင်း၌ နန်းကိန္နရီအား အငြိမ့်မင်းသမီးအဖြစ် မြင်ဖူးသူများရှိကြသည်။ မိမိတို့၏ ဧည့်ခံပွဲလိုနေရာမျိုးတွင် နန်းကိန္နရီအငြိမ့်ကို ထည့်သွင်းဖူးသူတို့ရှိသည်။ ထို့ကြောင့်လည်း မျက်စိရှေ့မှောက်တွင် ယင်းမိန်းကလေးကို အစွမ်းကုန် လိုလားနှစ်သက်ဟန်ပြကြသော်လည်း နောက်ကွယ်၌ တီးတိုးစကား ဆိုတတ်သူများသည်။

မည်သည့်နေရာတွင်မဆို အကောင်းနှင့်အဆိုး ဒွန်တွဲလျက် ရှိတတ်မြဲပင်မဟုတ်ပါလား။ လူဟူ၍ ဖြစ်လာပြီဆိုလျှင် လောကဓံသည် မွေးရာပါပစ္စည်းအဖြစ် ပါရှိလာတတ်မြဲ။ အူဝဲဆိုကတည်းက လောကဓံနှင့် လည်ပင်းဖက် ကြီးပြင်းလာတတ်မြဲပါပင်။

ပစ္စက္ခ၌ ဒေါ်ရေနံ့သာခင်ခင်ကြီးသည်လည်းကောင်း၊ နန်းကိန္နရီသည်လည်းကောင်း လောကဓံ၏မျက်နှာတစ်ဖက်ကိုသာ မြင်ကြသည်။ တွေ့ကြသည်။ ၎င်းတို့မြင်တွေ့သော မျက်နှာမှာ လှပသောမျက်နှာ၊ ချောမွေ့သောမျက်နှာ၊ သာယာကြည်ရွှင်သောမျက်နှာ။

အခြားသော ၎င်းတို့မမြင်ရသေးသည့် မျက်နှာမှာမူ အကျည်းတန်သောမျက်နှာ၊ အရုပ်ဆိုးသောမျက်နှာ၊ ညိုပုပ်မည်းမှောင်သောမျက်နှာ။

ယင်းသဘောဖြင့် ၎င်းတို့သည် အခြားတစ်ဖက်မှမျက်နှာကို မေ့လျော့နေမိသည်။ မသိကျိုးကျွန်ရှိကြသည်။ အရာရာသည် သာယာချမ်းမြေ့ဖွယ်အဖြစ်ချည်း။ ကြည်နူးနှစ်သိမ့်ဖွယ်ချည်း။

ယခုတလော နန်းကိန္နရီနှင့် လီလီတို့ ပို၍တွဲမိကြသည်။ လီလီသည် တစ်နေ့သောအခါ ရေနံ့သာသို့ ရောက်လာသည်။ သူ၏ကတိအတိုင်း အလည်အပတ်လာခဲ့ခြင်း ဖြစ်သည်။ သည်တွင် လီလီသည် နန်းကိန္နရီ၏ အခြေကြီးမြင့်မှုကို မြင်တွေ့သွားခဲ့သည်။ သို့ဖြင့် လီလီသည် နန်းကိန္နရီနှင့် တွဲရခြင်းအတွက် သူ့ကိုယ်သူ နှစ်သက်ကျေနပ်နေလေသည်။

လီလီနှင့်တွဲဖြစ်ကာမှ နန်းကိန္နရီ ပညာတိုးလာသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

> **“ မည်သည့်နေရာတွင်မဆို အကောင်းနှင့်အဆိုး ဒွန်တွဲလျက် ရှိတတ်မြဲပင်မဟုတ်ပါလား။**
> **လူဟူ၍ ဖြစ်လာပြီဆိုလျှင် လောကဓံသည် မွေးရာပါပစ္စည်းအဖြစ် ပါရှိလာတတ်မြဲ။**
> **အူဝဲဆိုကတည်းက လောကဓံနှင့် လည်ပင်းဖက် ကြီးပြင်းလာတတ်မြဲပါပင်။**
> **ပစ္စက္ခ၌ ဒေါ်ရေနံ့သာခင်ခင်ကြီးသည်လည်းကောင်း၊ နန်းကိန္နရီသည်လည်းကောင်း**
> **လောကဓံ၏ မျက်နှာတစ်ဖက်ကိုသာ မြင်ကြသည်။ တွေ့ကြသည်။**
> **၎င်းတို့မြင်တွေ့သောမျက်နှာမှာ လှပသောမျက်နှာ၊ ချောမွေ့သောမျက်နှာ၊**
> **သာယာကြည်ရွှင်သောမျက်နှာ။**
> **အခြားသော ၎င်းတို့မမြင်ရသေးသည့်မျက်နှာမှာမူ . . . ”**

# အုတ်တွင်းမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**အုတ်တွင်း မေ ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မာလာမြင့်က ကျောင်းအပ်နှံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာနရှိ ကျောင်းများမှ ကျောင်းသား



ကျောင်းသူများအတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာနမှထုတ်ဝေသော ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဖြိုးတို့ကပေးအပ်ရာ ဆရာ ဆရာမများက လက်ခံခဲ့ကြသည်။

အုတ်တွင်းမြို့နယ်၌ အထကကျောင်း ခုနစ်ကျောင်း၊ အထက-ခွဲ ခုနစ်ကျောင်း၊ အလက သုံးကျောင်း၊ အလက-ခွဲ ၂၄ ကျောင်း၊ အမက ၁၃ ကျောင်း၊ အမက-ခွဲ ခြောက်ကျောင်း၊ အမက-မူလွန် ၁၀၈ ကျောင်း စုစုပေါင်း ၁၆၈ ကျောင်းရှိပြီး ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်တွင် KG မှ Grade-11 ထိကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် စတင်၍ ကျောင်းအပ်လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အုတ်တွင်းမြို့နယ်၌ မေ ၂၆ ရက်မှ ၂၈ ရက်အထိ ကျောင်းအပ်နှံမှု ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၅၀၁ ဦးဖြစ်၍ ၈၂ ရာခိုင်နှုန်းရှိပြီး ကျောင်းအပ်နှံမှုနှုန်းမှာ တိုးတက်မြင့်မားလာကာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် ဇွန် ၂ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအနေဖြင့် အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကာကွယ်ဆေးထိုးအဖွဲ့ ၂၀ ဖွဲ့စည်းပြီး ဦးတည်အုပ်စုအလိုက် အခြေခံပညာကျောင်းများအား လိုက်လံထိုးနှံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



# အင်္ဂပူမြို့၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အင်္ဂပူ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲက တောင်မြန်အောင်တိုးချဲ့ကြိုးဝိုင်း အကွက်အမှတ်(၁၅)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပျိုးပင်များကို အမှတ်(၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်မြင့်ဦးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် ပြည်သူများထံ ပျိုးပင်များကို ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၅၀၊ မန်ကျည်းပင် ၁၅၀၊ မဟော်ဂနီပင် ၅၀၊ ကသစ်ပင် ၁၅ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ် ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ကန့်ဘလူမြို့နယ်အတွင်း မိုးစပါး ၁၄၅၁၁၅ ဧက စိုက်ပျိုးရန်လျာထား

**ကန့်ဘလူ မေ ၂၉**

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူ မြို့နယ်၏ ဆန်စပါး ထုတ်လုပ်မှုတိုးတက်ရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၅၁၁၅ ဧက စိုက်ပျိုးရန် လျာထားသည်။ စပါးထုတ်လုပ်မှု တိုးတက်လာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ရာသီဥတု ရေမြေဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဆောင်ရွက်လျက်ရှိ**

မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း၌ စပါးစိုက်ဧက တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများ စနစ်တကျ ထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို တိုးတက် သုံးစွဲလာနိုင်စေရန် ပေါင်းစပ်ကူညီပေးခြင်း တို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ တောင်သူများအား စိုက်ပျိုးနည်းစနစ်များ၊ မြေဆီလွှာထိန်းသိမ်းနည်းပညာများ ဟောပြောခြင်း၊ ပိုးမွှားရောဂါကျရောက်ပျက်စီးမှုမရှိစေရန် အပင်ဖြစ်ထွန်းချိန်အလိုက် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ နည်းပညာများ ဟောပြောခြင်း စသည့် စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

သီးနှံမျိုးထုတ်ကွက်များကို တောင်သူတစ်ဦးချင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည့်ပုံစံမှ အစုအဖွဲ့ပုံစံ ဖွဲ့စည်းပေးနိုင်ရေး၊ သမအသင်းစုအဖွဲ့ပုံစံဖြင့် ဖွဲ့စည်းပေးပြီး လိုအပ်သည့် နည်းပညာများ ပံ့ပိုးပေးခြင်းတို့ဖြင့်လည်း တောင်သူများ ဝင်ငွေတိုးတက်လာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)




ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကျောင်းများနှင့် ဆေးပေးခန်း ငွေစုငွေချေး သမဝါယမအသင်းက အသင်းသားပြည်သူများသို့ စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၃ သိန်းကျော်နှင့် မြေပဲဆီသန့် ၁၃၈ ပိဿာ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ ရက်က အထက(၃) အလုံကျောင်းဝင်း အတွင်း၌ ကျင်းပစဉ်။

သတင်းစဉ်

# Vella Vista Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင့်ဖူးနဒီအောင်(ခ)အိန်ဂျလာအောင် အဆင့်(၄)ရရှိ

ရန်ကုန် မေ ၂၉

အမေရိကန်နိုင်ငံ Womens all Pro Tour က စီစဉ်ကျင်းပသည့် Vella Vista Classic ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၆ ရက်မှ ၂၇ ရက်အထိ အမေရိကန်နိုင်ငံရှိ Bella Vista Village – Country Club နှင့် Bella Vista Village – Highlands တို့၌ပြုလုပ်ခဲ့ရာ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်အားကစားမယ် ဝင့်ဖူးနဒီအောင် (ခ) အိန်ဂျလာအောင် အဆင့် (၄) နေရာရရှိခဲ့သည်။



ယင်းပြိုင်ပွဲကို ယခင်က မေ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေအရ နှစ်ရက်သာ ပြုလုပ်ခဲ့ရသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသမီး ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား ဝင့်ဖူးနဒီအောင် (ခ) အိန်ဂျလာအောင်သည် စုစုပေါင်း ရိုက်ချက် ၁၄၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ အဆင့်(၄) နေရာရရှိပြီး ဆုကြေးငွေဒေါ်လာ ၂၀၀၀ ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် အမေရိကန်၊ စင်ကာပူ၊ စကော့တလန်၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ ဩစတေးလျ၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ဖိလစ်ပိုင်၊ ဘရာဇီး၊ နယူးဇီလန်၊ အိန္ဒိယ၊ ဆွီဒင် စသည်တို့မှ ကစားသမား ၇၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်အားကစားမယ် ဝင့်ဖူးနဒီအောင်(ခ) အိန်ဂျလာအောင်သည် အမေရိကန်နိုင်ငံ၌ကျင်းပလျက်ရှိသည့် အမျိုးသမီး ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်နေသူဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MGF**

**○ ရီးယဲလ်မက်ဒရစ်အသင်းမှ**

ရီးယဲလ်မက်ဒရစ် အသင်းဟာ ယခုတစ်ကြိမ် ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့ခြင်းဟာ ချန်ပီယံလိဂ်ဆုဖလားကို (၁၄)ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ အခုလို ချန်ပီယံလိဂ်ဆုဖလား ရရှိခဲ့ခြင်းဟာ နည်းပြအန်စလော့တီအတွက် ချန်ပီယံလိဂ်ဖလားကို လေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးနည်းပြလည်း ဖြစ်လာခဲ့ပါတယ်။

ဒါ့အပြင် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားတွေဖြစ်တဲ့ လူကာမိုဒရစ်၊ မာဆယ်လို၊ တိုနီခရူးစ်၊ ကာဗာဂျယ်၊ ဘင်ဇီမာ၊ ကတ်စမဲရိုး၊ ဂါရတ်ဘေးလ်၊ နာချိုနဲ့ အစ္စကိုတို့ဟာ ကစားသမားဘဝ ချန်ပီယံလိဂ်ဆုဖလားကို ငါးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ချန်ပီယံလိဂ်ဖလားရရှိမှု စံချိန်ကို လိုက်မီခဲ့ပြီလည်းဖြစ်ပါတယ်။

နည်းပြကလော့ရဲ့ လီဗာပူးအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် ယခုနှစ်ဘောလုံးရာသီအတွင်းမှာ ပြည်တွင်းဖလားနှစ်လုံးဖြစ်တဲ့ ကာရာဘောင်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ရယူနိုင်ခဲ့ခြင်းနဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းဟာ အခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပီအက်စ်ဂျီ၊ ချယ်လ်ဆီး၊ မန်စီးတီး၊ လီဗာပူးစတဲ့ အသင်းကောင်းတွေကို ကျော်ဖြတ်ကာ ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့တဲ့ အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။


ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဆုဖလားရရှိမှုကို ကြည့်မယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းက (၁၄)ကြိမ်၊ အေစီမီလန်အသင်းက ခုနစ်ကြိမ်၊ လီဗာပူးအသင်းက ခြောက်ကြိမ်၊ ဘာစီလိုနာအသင်းက ငါးကြိမ်၊ အေဂျက်အသင်းက လေးကြိမ်၊ မန်ယူအသင်းနဲ့ အင်တာမီလန်အသင်းတို့က သုံးကြိမ်စီ၊ ချယ်လ်ဆီးအသင်း၊ နော့တင်ဟမ်ဖောရက်စ်အသင်း၊ ဘင်ဖီကာအသင်း၊ ဂျူဗင်တပ်အသင်းနဲ့ ပေါ်တိုအသင်းတို့က နှစ်ကြိမ်စီ အသီးသီးရယူဆွတ်ခူးထားတာဖြစ်ပါတယ်။ **ငွေကြယ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မေ ၂၉

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**


**အမည်ပြောင်း**

တောင်ငူမြို့၊ အမှတ် ၁၃ရပ်ကွက်နေ ဦးသန်းထက်ဇော် [၇/ပတတ(နိုင်)၀၉၅၄၉၆]၏ သမီးဖြစ်သူ အ.ထ.က ၂ Grade (2)မှ မသွန်းဆက်အား သက်ထားနှင်းစက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**သက်ထားနှင်းစက်**

**အမည်ပြောင်း**

တောင်ငူမြို့၊ ပွတ်စုကျေးရွာနေ ဦးတင်ကိုကိုဦး [၇/အတန(နိုင်)၀၈၀၈၀၉] ၏သားဖြစ်သူ အ.ထ.က ၂ Grade(1)မှ မောင်ထင်အောင်လင်း အား မောင်ထွဋ်ခေါင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထွဋ်ခေါင်လင်း**

**ကြီးမြန် သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင် လည်းရ ပြည်လည်း လှ**

**"ဒေါ်သန္တာအေး (၁၄/ရကန (နိုင်) ၀၀၂၅၅၇) နှင့် အများသိစေရန်ကြေညာချက်"**

ဦးသန့်ဇော်ဦး (၁၄/ရကန (နိုင်) ၀၀၂၅၁၀)သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်ပြီး ၎င်း၏လွှဲအပ်ညွှန်ကြားချက်များအရ ဒေါ်သန္တာအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်သန္တာအေးတို့သည် (၁၀-၇-၁၉၉၉)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ (၁၄)နှစ်အရွယ် သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ဒေါ်သန္တာအေးသည် ကျွန်ုပ်၏ မိတ်ဆွေနှင့် မိသားစုခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို ဆောင်ရွက်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေနှင့် သမီးလေးတို့၏ ဂုဏ်သိက္ခာနှင့် ရပ်တည်နေထိုင်လုပ်ကိုင်ဆောင်ရွက်မှုတို့ကို ထိခိုက်စေအောင် အကြိမ်ကြိမ် ပြုမူဆောင်ရွက်ခြင်းများရှိခဲ့ပြီးနောက် (၂-၅-၂၀၂၂)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေနှင့် ပေါင်းသင်းနေထိုင်သော နေအိမ်မှ ၎င်း၏သဘောဆန္ဒအရ ဆင်းသွားပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက (၂-၅-၂၀၂၂)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ ဒေါ်သန္တာအေးနှင့်ပတ်သက်၍ ပြုလုပ်ဆောင်ရွက်ခဲ့သော ကိစ္စအရပ်ရပ်ကို ဒေါ်သန္တာအေးနှင့်သာ ဖြေရှင်းကြပါရန်နှင့် ကျွန်ုပ်၏မိတ်ဆွေက အဆိုပါကိစ္စရပ်များကို တစ်စုံတစ်ရာကိုမျှ လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ဒေါ်သန္တာအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် သမီးဖြစ်သူတို့အား တစ်စုံတစ်ရာ ထိခိုက်နစ်နာစေရန် ပြုမူခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ အင်တာနက်စာမျက်နှာ၌ ဖော်ပြခြင်းတို့ ရှိလာခဲ့ပါက သက်ဆိုင်သူအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

လွှဲအပ်ညွှန်ကြားချက်များအရ–
ဒေါ်တင်တင်လှိုင်
တရားလွှတ်တော်ရှေ့နေ
စဉ် - ၁၂၈၂၄ (၂၉.၆.၂၀၁၇)
ဖုန်း-၀၉-၄၃၀၂၆၉၄၃
အမှတ်-၅၈၊ (B-4)၊ အဝေရာလမ်းသွယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
**(Open Tender)**

၁။ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | Lot No. | မြို့နယ် | လုပ်ငန်းအမျိုးအစား | ခွင့်ပြုငွေ (ကျပ်သန်းပေါင်း) |
|---|---|---|---|---|
| (၁) | Lot–1 | တောင်ဥက္ကလာပ (ပဒေသာကွင်း) | (၄)ထပ်အားကစားသမားအိပ်ဆောင်၊ လေ့ကျင့်ဆောင် ဆောက်လုပ်ခြင်း(170'x50') | ၁၃၆၀.၀၀၀ |
| | | | ပဒေသာကွင်းတောင်ဘက်နှင့်အရှေ့ဘက်ခြံစည်းရိုး အုတ်တံတိုင်းပေါ်ဘေးအကာ ကာရံခြင်း(၇၅၀ပေ) | ၁၀.၀၀၀ |
| (၂) | Lot–2 | သန်လျင်မြို့နယ် (သီဟဒီပကွင်း) | ပွဲကြည့်စင်အသစ်ဆောက်လုပ်ခြင်း (120'x40') (100'x40'–2 nos;) | ၁၁၅၂.၀၀၀ |

၂။ တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် – ၃၁–၅–၂၀၂၂ (အင်္ဂါနေ့)
အချိန် နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ

၃။ တင်ဒါပိတ်မည့်ရက် – ၂၉–၆–၂၀၂၂ (ဗုဒ္ဓဟူးနေ့)
အချိန် ညနေ ၁၆:၃၀ နာရီ

၄။ တင်ဒါခေါ်ယူသည့်လုပ်ငန်းများနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများအား အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်–

**အမှတ်–၃၆၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**
**ရုံးဖုန်း–၀၁၉– ၅၅၅၆၅၂/ ၀၁၉– ၅၅၅၁၀၈**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၁၂၁၅/က)၊ (အလျားပေ ၂၀xအနံပေ ၆၀)၊ ဧရိယာအကျယ်အဝန်း (၀.၀၂၇၅) ဧက၊ စတုရန်းပေ(၁၂၀၀)အကျယ်ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (မြေနှင့်အခွန်ဌာနခွဲ)၊ ရန်ကုန်မြို့တွင် ဦးဌေးမောင် (MGN–၁၅၀၉၃၉)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုလာသူ ဦးမြင့်စန်း[၁၂/ဒပန(နိုင်)၀၀၁၆၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်လှ [၁၂/ဗတထ(နိုင်)၀၁၉၂၃၂]က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၅၀၆၀၄၃**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ အနောက်ပုလဲဂေဟာလမ်း၊ အိမ်အမှတ်(၂၂)၊ မြေအကျယ်အဝန်းပေ (၂၀x၆၀) (ခေါင်းရင်းခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကိုကိုလွင် [၁၂/ကမရ(နိုင်)၀၀၉၉၉၄]ဆိုသူမှ "နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ**
**(စဉ်–၃၅၅၀၉/ ၁၆–၁၂–၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–31066498, 09–769147794**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၃၅ ဆူ | ၄၈၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်အောင်**

**အထွေထွေမန်နေဂျာ(ကုန်းလမ်းပို့ဆောင်ရေး)**

**စစ်တက္ကသိုလ်အမှတ်စဉ် (၂၈)**

**အသက်(၅၉)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ သစ္စာမြိုင်လမ်း၊ တိုက်(၁၁၁၀)၊ အခန်း(၁၂)နေ ဒေါ်မိမိခိုင်၏ ခင်ပွန်း၊ ကိုဝေဟင်စိုး-မခိုင်သပြေအောင်၊ မောင်ခိုင်မင်းသန့်တို့၏ ဖခင်၊ မောင်ဘုန်းမင်းခ ၏ အဘိုးဖြစ်သူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်အောင်သည် ၂၈-၅-၂၀၂၂ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် နေပြည်တော်၌ (၅၉)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်အောင် အသက်(၅၉)နှစ်(DSA-28)သည် ၂၈-၅-၂၀၂၂(စနေနေ့)မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် နေပြည်တော် ခုတင်-၁၀၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် (၅၉)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကုန်းလမ်းပို့ဆောင်ရေးမှ**
**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၂၁၊ ဧရိယာ (၄၀'x၆၀') ရှိ ဒေါ်မညိုအေး (၁၂/ဥကတ(နိုင်)၁၄၇၉၅၈) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက် (မြေကွက်လိပ်စာ-အမှတ်-၂၁၊ ဆဒ္ဒံဒူးဝါးလမ်း၊ ၁၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်) နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဦးတင်အုန်း (၁၂/မဘန(နိုင်)၀၂၇၇၄၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမြတ်သူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၁၅၃)**
ရုံး-အမှတ်-၂၂၅ (ပထပ်)၊ ၃၅-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅၃၃၀၇၉၁

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၁၅၄/၁၅၆)၊ ၄ လွှာ (တိုက်၏အရှေ့မှကြည့်သော် လက်ယာဘက်အခန်း) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၂ ပေခွဲ × ပေ ၈၀) ရှိ တိုက်ခန်းနှင့် အဆိုပါတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မိခင်ကြီး**ဒေါ်ဟာဝါဘီ (ခ) ဒေါ်ချိုချိုစော** (၁၀/ မလမ (နိုင်) ၁၃၆၄၄၅) ကွယ်လွန်ပြီးနောက် **အစ္စလာမ်တရားဥပဒေ (မဟာမေဒင်ဥပဒေ)** အရ အမွေဆက်ခံပိုင်ဆိုင်သည်ဟုအဆိုရှိသည့် (၁) ဦးကျော်ထွန်းလင်း (၁၀/မလမ (နိုင်) ၁၅၄၅၆၅)၊ (၂) ဒေါ်မြမြဝင်း (၁၀/ မလမ (နိုင်) ၁၄၃၉၁၇)၊ (၃) ဒေါ်ဖြူဖြူဝင်း (၁၀/မလမ (နိုင်) ၁၄၄၀၆၆)၊ (၄) ဒေါ်တိုးတိုးဝင်း (၁၀/မလမ (နိုင်)၁၄၄၄၅၂)၊ (၅) ဦးမျိုးထွန်းလင်း (၁၀/မလမ (နိုင်) ၁၄၄၄၅၉)၊ (၆) ဒေါ်သွယ်သွယ်စိုး (၁၀/မလမ (နိုင်) ၁၆၁၁၂၅)၊ (၇) ဒေါ်စိုးစိုးအေး (၁၀/ မလမ (နိုင်) ၁၇၄၆၅၀)၊ (၈) ဒေါ်ဌေးယုဝင်း (၁၀/မလမ (နိုင်) ၁၈၆၂၁၀)၊ (၉) ဒေါ်သင်းစုထွေး (၁၀/မလမ (နိုင်) ၁၉၀၉၉၀) (အမှတ်စဉ် (၂) မှ (၉) ထိဖော်ပြထားသောမောင်နှမများထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသည့် **ဦးကျော်ထွန်းလင်း** -၁၀/ မလမ (နိုင်) ၁၅၄၅၆၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပိုင်ဝယ်ယူရန် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထားများတင်ပြပြီးကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

**ဦးနေဝင်းအောင်** (B.Sc,H.G.P,C.B.L)
Higher Grade Pleader
(Lawyer Lc No.19147/ 1991)
**Al-Mezan (Law Firm)**
အမှတ် (၂၀၇)၊ (ပထပ်-ဝဲ)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
09 786 786 053

## (၁၅)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဦးမျိုးမြင့်(ပြည်)**

**ခရိုင်မီးသတ်တာဝန်ခံ(ငြိမ်း)**

ချစ်သော ကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်သည်မှာ ၃၀-၅-၂၀၂၂ ရက်နေ့တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ကြီးမားလှသော ဖေကြီး၏ မေတ္တာ၊ စေတနာ၊ ကျေးဇူးတရားများကို အစဉ်အောက်မေ့လျက် ဖေကြီးအတွက် ရည်စူး၍ ကုသိုလ် ကောင်းမှုများပြုလုပ်ခြင်း၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော် မြတ်ကြီး သို့ အလှူငွေ ဆက်ကပ်လှူဒါန်းခြင်းစသည့် ကောင်းမှုအစုစုအတွက် အမျှပေးဝေပါတယ်။ ဖေကြီး အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ...

**ဖေကြီးကို အစဉ်လွမ်းဆွတ်သတိရအောက်မေ့လျက်**
**ချစ်ဇနီး- ဒေါ်တင်တင်ဝင်း (ခ) ဒေါ်ဘေဘီဦး**
**သမီးကြီး- ဦးလှအောင်-ဒေါ်တင်လေးမြင့်**
**သမီးလတ်- (ဦးသီဟ)-ဒေါ်တင်မိုးမြင့်**
**သမီးငယ်- ဗိုလ်မှူးချုပ်ထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး**
**သမီးထွေး-ဦးဇော်မိုး-ဒေါ်ဆင့်ဆင့်မျိုး**
**သားငယ်-ဦးကျော်မျိုးသူ-ဒေါ်သကြိန်ဖြိုးနှင့် ချစ်မြေး၊ မြစ်များ**

## (၁၅)နှစ်ပြည့် အောက်မေ့သတိရခြင်း

**ဦးပါစီမောင်မောင်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့သင်္ဘောကျင်းလုပ်ငန်း**

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ ကွယ်လွန်ခဲ့သည်မှာ ၃၀-၅-၂၀၂၂ရက်တွင်(၁၅)နှစ်ပင် ပြည့်ခြားသော်လည်း ဆရာ၏ ပေးဆပ်၍ မကုန်သောကျေးဇူးတရားများအား မိသားစုနှင့်အတူ ထပ်တူထပ်မျှ အောက်မေ့သတိရလျက်ရှိပါသည်။

**ဦးကြည်စိုး-ဒေါ်ကြည်ကြည်လွင်နှင့်**
**သမီး-မခိုင်သက်ဆု**

## ဦးကျော်ဇေယျ

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းမ၊ အခန်း(၂၄)နေ (ဦးကျော်သိန်း)-ဒေါ်ထားထားရီတို့၏သား၊ ဦးကျော်သူရ၏ညီ၊ ဦးစိန်ထွန်း-(ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ ဒေါ်တင်တင်နွယ်၏ခင်ပွန်း၊ မောင်မြတ်စည်သူ၊ မမြတ်သိင်္ဂီတို့၏ ဖခင်သည် ၂၉-၅-၂၀၂၂(တနင်္ဂနွေနေ့)နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၂ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၉)လမ်း၊ အမှတ်-(၁၂၁/က)ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

အထက်ဖော်ပြပါ လိပ်စာရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃)၊ ရန်ပြေ၊ မြေကွက်အမှတ်-၁၂၁/က၊ ဧရိယာ-၁၂၀၀ စ/ပေ အကျယ်ရှိဒေါ်လှလှဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ၊ ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လှလှဝင်း[၁၂/သကတ(နိုင်)၀၀၂၈၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၀၂)**
**ယူနိုက်တက်ကွန်ဒို၊ အခန်း(၁၁၁)၊ အလံပြဘုရားလမ်းနှင့်နဝဒေးလမ်းထောင့်၊**
**ဒဂုံ(၁)ကျောင်းရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ခင်ဆွေမြင့်

**(လက်ထောက်အထွေထွေမန်နေဂျာ)**

**မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၄၀)၊ သုံးလွှာနေ (ဦးဇော်ဖေ-ဒေါ်သန်းနု)တို့၏သမီး၊ (ဦးကျော်မြင့်)၏ဇနီး၊ (ဦးဇော်ထွန်း)၊ (ဦးဇော်အေး)၊ ဦးဇော်သိန်းတို့၏ညီမ၊ ဦးခင်ဇော်၊ ဦးရင်ဇော်၊ (ဒေါ်ခင်မျိုးမြင့်)၊ ဦးဇော်ထွေးမောင်တို့၏အစ်မကြီး၊ ဒေါ်မိုးစန္ဒာကျော်၊ ဦးမျိုးမြင့်ကျော် - ဒေါ်နီလာအေး၊ ဦးအဏ္ဏဝါကျော်၊ ဦးသောင်းထိုက်ကျော် (အထွေထွေမန်နေဂျာ၊ KBZ-Bank)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မယမင်းကေခိုင်ဦး၊ မဇူဇူးဟန်နီထွေးတို့၏ အဘွား ဒေါ်ခင်ဆွေမြင့်သည် ၂၉-၅-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ သံသုမာလမ်းနှင့်မြင်သာ(၉)လမ်းထောင့်၊ မြေကွက်အမှတ်(၁၁၂/၁)၊ မြေအကျယ်အဝန်းပေ(၃၀x၆၀)၊ မြေပိုင်ရှင် ဦးတင်မြင့် [၁၂/ဥကတ(နိုင်)၁၀၂၇၀၁]၏ မြေကွက်ပေါ်၌ ကန်ထရိုက်တာ ဦးမောင်အေး [၁၂/သဃက(နိုင်)၁၄၂၉၈၁] ကတာဝန်ယူဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ် RC အဆောက်အအုံ၏ ယာဘက်ခြမ်း၊ ခေါင်းရင်းခန်း၊ ဒုတိယထပ်(၃လွှာ)၊ အကျယ်အဝန်းပေ(၁၅x၅၀) ရှိ တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဒေါ်သန်းသန်းအေး(ဘ)ဦးမာင်ငယ် [၁၀/ခဆန(နိုင်)၀၈၂၉၈၃]က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေဦး(ဘ)ဦးလောဟွမ် [၁/မညန(နိုင်)၀၅၇၉၉၉]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်အား ပြီးမြောက်သည်ထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်ဝေဝေဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်မေလှိုင် LL.B, D.B.L, Dip in English**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅လမ်း၊ (အောက်)၊ ကျောက်တံတားမြို့နယ်။ Ph:09-5083805, 09-799618472**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၁)လမ်း၊ အမှတ်(၈၅)၊ (အလျားပေ ၄၀xအနံပေ ၆၀)၊ ဧရိယာအကျယ်အဝန်း (၀.၀၅၅) ဧက၊ စတုရန်းပေ(၂၄၀၀)အကျယ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဒေါ်မြင့်ရီ (CE-၀၆၇၉၁၈) အမည်ရှိ ပါမစ်မြေကွက်၏(ခြေရင်းဘက်အခြမ်း) အမှတ်(၈၆)နှင့် ကပ်လျက်(ပါမစ်မူရင်းခြမ်း)၊ (အလျားပေ ၂၀xအနံပေ ၆၀)၊ ဧရိယာ(၀.၀၂၇၅) ဧက၊ စတုရန်းပေ(၁၂၀၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုလာသူ ဒေါ်မြင့်မြင့်မိုး[၁၂/လမန(နိုင်)၁၃၀၀၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုဝင်း [၅/ကနန(နိုင်)၀၈၇၄၉၈]က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၅-၂၀၂၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၅) တွင်ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ဒေါ်ကြည်ကြည်မွန် ကြော်ငြာတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်) မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၆၂)အစား မြေကွက်အမှတ်(၆၁)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာနေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါလုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန် အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့်
Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလား ၁၄ ကြိမ်မြောက် ဆွတ်ခူး

လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ မေ ၂၉ ရက်နံနက်ပိုင်းက ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ စတိတ်ဒီဖရန့်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက လီဗာပူးအသင်းကို ဗီနီစီးယပ်ဂျူနီယာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○




### ယနေ့ ဖတ်စရာ

အသံထက်ပိုမြန်သော ခရုဇ်ဒုံးကျည်ကို ရုရှား ထပ်မံစမ်းသပ်ပစ်လွှတ်
စာမျက်နှာ » ၁၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ငွေကျပ်သိန်း ၇၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၉ ဒသမ ၇ ကီလို သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄

သီးနှံစားသုံးသူ
ဆောင်းပါး စာမျက်နှာ » ၁၉



## အခြေခံပညာအထက်တန်းကျောင်းများအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၊ လက်လုပ်မိုင်းများဖြင့်ဖောက်ခွဲ

နေပြည်တော် မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းကို ယနေ့နံနက်အစောပိုင်းက အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များ ပညာသင်ကြားမှုအခွင့်အရေးကို လိုလားမှုမရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် စာသင်ကျောင်းဆောင် နှစ်ဆောင်နှင့် စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ (ယာပုံ)

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီတွင် ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် အဆိုပါကျောင်းဝင်းအတွင်း အနာဂတ် လူငယ်လူရွယ်များ အေးချမ်းစွာပညာသင်ကြားနိုင်ရေး တည်ဆောက်ထားသည့် သွပ်မိုး၊ RC နှစ်ထပ်ဆောင်ဖြစ်သည့် "ခရေဆောင်"၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နှစ်ထပ် "စွယ်တော်ဆောင်"၊ အဆိုပါ ကျောင်းဆောင်များအတွင်း

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■**



